## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး
## (၂၅)ရက်မြောက်နေ့မှတ်တမ်း

၁၃၇၅ ခုနှစ်၊ တပေါင်းလဆန်း ၁၄ ရက်

(၂၀၁၄ ခုနှစ်၊ မတ်လ ၁၄ ရက်)

(သောကြာနေ့)

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး (၂၅)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊အခမ်းအနားမှူးအဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

### အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်က စပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ်အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေးရဲ့ (၂၅)ရက်မြောက်နေ့ အစီအစဉ်များ စတင်ပါတော့မယ် ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသော စင်မြင့်ပေါ်တွင် ကြွရောက်နေရာ ယူပါသည်။]

**အခမ်းအနားမှူး။** ။အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

### အမျိုးသားလွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး (၂၅)ရက်မြောက်နေ့မှာ လွှတ်တော် အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၁၈)ဦးရှိပြီး၊ ဒီကနေ့ အစည်းအဝေးကို (၁၇၈)ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၈၁.၆၅) ရာခိုင်နှုန်းရှိပြီး၊

တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေးအထမြောက်ရန် လိုအပ်တဲ့ကိုယ်စားလှယ်ဦးရေ သုံးပုံ တစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေးအထမြောက်ကြောင်းနဲ့ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့အရ အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း**

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေးရဲ့ (၂၅)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

**အစည်းအဝေး မတက်ရောက်နိုင်သော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း**

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။ဒီကနေ့ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များစာရင်းကို ဖတ်ကြားတင်ပြပါမယ်။

ဦးလှဆွေ၊ မကွေး(၁၂)၊ ကော်မတီအစည်းအဝေး။ ဦးစောငြိမ်းသင်၊ ကရင်(၃)၊ မိသားစု ကျန်းမာရေး။ ဒေါက်တာမြဦး၊ ပဲခူး(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးလှိုင်ဦး၊ ဧရာဝတီ(၁၂)၊ ပြည်ပ ခရီး။ ဦးသက်နိုင်ဦး၊ ပဲခူး(၆)၊ ဒေသဖွံ့ဖြိုးရေး။ ဦးလှသိန်း၊ မကွေး(၃)၊ ကျန်းမာရေး။ ဦးဟာရှိန်းဘွေ၊ ချင်း(၈)၊ ကျန်းမာရေး။ ဦးကျားမောင်၊ တနင်္သာရီ(၈)၊ ဒေသဖွံ့ဖြိုးရေး။ ဦးခင်မောင်လတ်၊ ရခိုင်(၆)၊ ကျန်းမာရေး။ ဒေါက်တာခင်ရွှေ၊ ရန်ကုန်(၉)၊ ဒေသဖွံ့ဖြိုးရေး။ ဦးဝင်းနောင်၊ ရန်ကုန်(၅)၊ ဒေသဖွံ့ဖြိုးရေး။ ဦးအောင်ကြည်ညွန့်၊ မကွေး(၄)၊ ကျန်းမာရေး။ ဦးနေဝင်းထွန်း၊ ရှမ်း(၉)၊ ကိုယ်တိုင် ဆောင်ရွက်ရန်တို့ ဖြစ်ပါတယ်။

ယခုတင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များအပေါ် ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

**အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း**

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး (၂၅)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသား

လွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ(၂၁၈)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၂၇)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၃)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၄၀)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်း ဥပဒေခွဲငယ်(၂)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ**။ ။အစီအစဉ် (၅) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းထားပါတယ်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးခင်မောင်(ခ)ဦးအောင်ကျော်ဦး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၀၅။**

**ဦးခင်မောင်(ခ)ဦးအောင်ကျော်ဦး၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ တက်ရောက်လာကြတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အားလုံးကို ကျွန်တော် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးခင်မောင်(ခ) ဦးအောင်ကျော်ဦး က တလေးတစားနဲ့ ဂါရဝပြုပါတယ်။ ဒီကနေ့ ဆွေးနွေးရမယ့် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာဥပဒေ (၅)ရပ်ကို ပြင်ဆင်တဲ့ ဥပဒေကြမ်းအပေါ်မှာ စိစစ်တင်ပြခြင်း အစီရင်ခံစာကို ကျွန်တော်ဆွေးနွေးပါ့မယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီအစီရင်ခံစာမှာ လေ့လာကြည့်တဲ့အခါမှာ လေ့လာတွေ့ရှိချက်အနေနှင့် အကုန်လုံးခြုံပြီးတော့ ကြည့်မယ်ဆိုရင်တော့ ထောက်ခံပါတယ်။ ပထမအချက်က (၂)(ခ)မှာ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေအသီးသီးမှာ ဝင်ငွေခွန် ကင်းလွတ်ခွင့် ပြုခြင်းသည် ဥပဒေအရ ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ ပြဋ္ဌာန်းခဲ့ခြင်း ဖြစ်တဲ့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၈၉ မှာလည်းပဲ ပြဋ္ဌာန်းထားတယ်။ အဆိုနဲ့ ညီတယ်။ အဲဒီအတွက်ကြောင့်မို့လို့ သူ့ကို လက်ခံသင့်တယ်။

အဲဒီလို တင်ပြပါတယ်။ တင်ပြပြီးတော့ ဝင်ငွေခွန်ကို ပုံမှန်လစဉ်ချီးမြှင့်ငွေအပေါ်မှာ ကောက်ခံသင့်ပေမယ်လို့ အခြားစရိတ်တွေအပေါ်မှာ ကောက်ခံခြင်း မပြုသင့်ဘူးဆိုတဲ့ ဥစ္စာကတော့ အလေးအနက် ထောက်ခံပါတယ်။

နောက်တစ်ခုက ဒီအဆင့်ဆင့် ပြည်ထောင်စုအဆင့် ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များကို သူ ဆွေးနွေးသွားပါတယ်။ ဘာမှ အထွေအထူး ပြောစရာ မရှိပါဘူး။ ကွာဟချက်တွေလည်း နှိုင်းယှဉ်ပြထားပါတယ်။ တစ်ခုက ဥပဒေပြုရေး (စ)မှာ ဥပဒေပြုရေးကဏ္ဍမှာရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်နဲ့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် များရဲ့ ချီးမြှင့်ငွေဟာ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးကဏ္ဍမှပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေများနှင့် နှိုင်းယှဉ်ပါက များစွာ ကွာခြားလျက်ရှိသည်ကို လေ့လာတွေ့ရှိရပါတယ်ဆိုတာ ဖော်ပြထားပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များရဲ့ ချီးမြှင့်ငွေနှုန်းထားမှာ နိုင်ငံတကာစံနှုန်းကို မဆိုထားနှင့် အိမ်နီးချင်း အာဆီယံနိုင်ငံများရဲ့ နှုန်းထားနဲ့ နှိုင်းယှဉ်လျှင်ပင် များစွာနိမ့်ကျလျက် ရှိပါသည်။

အခြားနိုင်ငံများတွင် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့် ဥပဒေပြုအမတ်များ၏ ချီးမြှင့်ငွေများသည် အဆများစွာ ကွာဟခြင်းမရှိသည်ကိုလည်း လေ့လာတွေ့ရှိရပါတယ်လို့ ရေးထားပါတယ်။ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးကဏ္ဍများမှ ပုဂ္ဂိုလ်များအတွက် အဆောင်အယောင် ခံစားခွင့်များ ပြဋ္ဌာန်းသော်လည်း လွှတ်တော်ကိုယ်စားလှယ်များအတွက် အဆောင်အယောင် ခံစားခွင့်ကို လုံးဝ ပြဋ္ဌာန်းသတ်မှတ်ထားခြင်း မရှိကြောင်းကို လေ့လာတွေ့ရှိရပါတယ်လို့ ရေးထားပါတယ်။ ဒီဥစ္စာကတော့ ကိုယ်စားလှယ်တော်ကြီးများ သိတဲ့အတိုင်းပဲ ဒီဥစ္စာ လိုအပ်ချက်တစ်ခုအနေနဲ့ ကျွန်တော်တို့ ဖြည့်ဆည်းဖို့ ရှိပါတယ်။ ဖြည့်ဆည်းရဖို့ ဖြစ်ပါတယ်။

နောက်တစ်ခါ (ဇ)မှာ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနဲ့ တရားစီရင်ရေး ကဏ္ဍအသီးသီးမှ ပုဂ္ဂိုလ်များ၏ချီးမြှင့်ငွေများသည် ကွာဟချက် ကြီးမားစွာ မရှိသင့်ပဲ ကဏ္ဍ(၃)ရပ်အတွက် ဖြစ်နိုင်သမျှ ညီညွတ်အောင် ပြင်ဆင်ပြဋ္ဌာန်းသင့်ပါသည်။ ဥပဒေပြုရေးမှ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ၊ တရားစီရင်ရေးကဏ္ဍမှ ပြည်ထောင်စုတရားသူကြီးချုပ် ခံစားခွင့်များသည် အုပ်ချုပ်ရေးကဏ္ဍမှ ဒုတိယသမ္မတများနှင့် အဆင့်တူညီမှုရှိသင့်ကြောင်း လွှတ်တော်ကိုယ်စားလှယ်များ၏ ခံစားခွင့်များ သည် အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးကဏ္ဍမှပုဂ္ဂိုလ်များ၏ ခံစားခွင့်များနှင့် အဆင့်တူညီမှု မရှိ သည့်တိုင် ယခုကဲ့သို့ ကွာဟမှုများလည်း မဖြစ်သင့်ဟု သုံးသပ်ရရှိပါသည်။

ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင် ပြဋ္ဌာန်းချက်များသည် အချိုးညီပြီး ပြည်သူများ၏ လူမှုစီးပွားရေးဘဝနှင့် လျော်ညီသည့် နှုန်းထားများဖြစ်ရန် လိုအပ်ပါသည်။ ထောက်ခံပါတယ် ခင်ဗျား။ အဓိက က ဥပဒေပြုရေးကဏ္ဍမှ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ တို့နဲ့ တရားစီရင်ရေးကဏ္ဍမှ ပြည်ထောင်စုတရားသူကြီးချုပ်ရဲ့ ခံစားခွင့်များသည် အုပ်ချုပ်ရေးကဏ္ဍမှ ဒုတိယသမ္မတများနှင့် အဆင့်တူညီမှု ရှိသင့်သည်ဆိုတဲ့အချက်ကို အလေးအနက် ထားပြီးတော့ ဆောင်ရွက်သင့်ကြောင်းများ တင်ပြထားပါတယ်။ အဲဒီအတွက်လည်း ကျွန်တော်တို့က ထောက်ခံပါတယ်။

ကျွန်တော့်အနေနဲ့ ပြောရလို့ရှိရင် ဒီလွှတ်တော်ကြီး စလာကတည်းက လွှတ်တော် ပီပီပြင်ပြင် ဖြစ်မြောက်ဖို့၊ ဒီ ပါလီမန်ဒီမိုကရေစီ အဆောက်အအုံခိုင်မာဖို့ ကျွန်တော်တို့ရဲ့ နိုင်ငံတော်ရဲ့ ဒီမိုကရေစီ

လမ်းကြောင်းကို ထိန်းကြောင်းလာခဲ့တဲ့၊ ပဲ့ကိုင်ပြီးတော့ သွားနေတဲ့ ကျွန်တော်တို့ရဲ့ ဥက္ကဋ္ဌကြီး(၂)ပါးတို့ဟာလည်းပဲ ဒီလိုမျိုး အခွင့်အရေးကို ခံစားခွင့်ရှိသင့်တယ်ဆိုတာကို ကျွန်တော်တို့ ခံစားမိပါတယ်။

နောက်တစ်ခုက ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တွေရဲ့ အခန်းကဏ္ဍကို ပြောချင်ပါတယ်။ ဒီလွှတ်တော်ကိုယ်စားလှယ်တွေဟာ ဆိုလို့ရှိရင် ဒီနိုင်ငံမှာ မြန်မာနိုင်ငံရဲ့ နိုင်ငံရေးအကျပ်အတည်း ဖြစ်နေတဲ့အချိန်မှာ အရွေ့အပြောင်းတစ်ခုကို အေးဆေးတည်ငြိမ်စွာနဲ့ ပြောင်းရွှေ့နိုင်ဖို့ အတွက် သမိုင်းပေးတာဝန်တစ်ခုကို ပုခုံးထက်မှာ ထမ်းရွက်ပြီးတော့ ရဲရဲဝံ့ဝံ့ ကျွန်တော်တို့ ရွေးကောက်ပွဲကို ဝင်ခဲ့ကြတဲ့သူတွေ ဖြစ်ပါတယ်။ အဲဒီအချိန်က ကျွန်တော်တို့ဟာ ဒီမိုကရေစီ ပါလီမန်စနစ်နဲ့ ကင်းကွာခဲ့တာ နှစ်ပေါင်း(၆၀) လောက်ကြာပါပြီ။ ကျွန်တော်တို့နိုင်ငံရဲ့ ပိတ်မိနေတဲ့ နိုင်ငံရေး အဲဒီအထဲကနေပြီးတော့မှ ထွက်ပေါက်တစ်ခုကို ကျွန်တော်တို့ ရှာကြံဖို့ဆိုပြီးတော့ ပေါ်ပေါက်လာတဲ့ အခွင့်အရေးကို ကျွန်တော်တို့ လက်ခံပြီးတော့ နိုင်ငံရေးကိုတော့ဖြင့် လွှတ်တော်စနစ်နဲ့ ကျွန်တော်တို့ ပုံဖော်မယ် ဆိုပြီးတော့ ယုံယုံကြည်ကြည်နဲ့ လွှတ်တော်ထဲကို ဝင်ခဲ့ကြတာပါ။ ချီးမြှင့်ငွေ ဘယ်လောက် ရ ရမယ်။ ခံစားခွင့် ဘယ်လို ရှိမယ်ဆိုတာကို ကျွန်တော်တို့ အိပ်မက်တောင် မမက်ခဲ့ပါဘူးခင်ဗျား။

အဲဒီအချိန်အခါတုန်းက အခြေအနေကို သုံးသပ်ကြည့်မိသူတိုင်းက နားလည်နိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဘယ်သူက ဘယ်လောက်ရလို့၊ ဘယ်လောက်ရသင့်တယ်လို့ စကားပြောဖို့ဆိုတာ လွှတ်တော်ကိုယ်စားလှယ်တွေထဲမှာ စကားလုံးမရှိဘူးလို့ ထင်ပါတယ်။ အခု အစီရင်ခံစာကို ဖတ်ကြည့်လို့ရှိရင် ဘာမှရေးထားတာ မတွေ့ရပါဘူး။ ကျွန်တော်တို့ အခြေခံစဉ်းစားဖို့အတွက် ကိန်းဂဏန်းဘာမှ မပါဘူးဆိုတာ တွေ့ရပါတယ်။ ဒါဟာကြည့်လို့ရှိရင် ကျွန်တော်တစ်ခု စာရေးဆရာကြီး၊ ကဗျာဆရာလန်ဒန် ပြောတဲ့ စကားကို သတိရမိတယ်။ ဒါ Delay Justice is Injustice ဆိုတာကို သတိရမိပါတယ်။ ဆိုလိုတာကတော့ ပြီးပြတ်အောင် မဆောင်ရွက်တဲ့ကိစ္စဟာ မတရားမှုပဲ ဆိုတဲ့ဥစ္စာကို သတိထားဖို့ လိုပါတယ်။ ကျွန်တော်တို့ဟာ စဉ်းစားဖို့အတွက်ကို ဘောင်လေးတစ်ခု ခတ်ပြီးတော့ အခြေပြုတစ်ခုကို မူတည်ပြီးတော့မှ စဉ်းစားဆွေးနွေးကြဖို့ ဖြစ်ပါတယ်။ ဒီဟာကိုလည်း ကျွန်တော် ဥပဒေကြမ်းကော်မတီကို ပြောချင်ပါတယ်။ များသောအားဖြင့်တော့ ကျွန်တော်ထင်ပါတယ်။ ဒီကိုယ်စားလှယ်တော်ကြီးတွေဟာ ပြောဖို့ကို ကိုယ့်အခွင့်အရေးကို ကိုယ်ပြောဖို့ဆိုတာကို တော်တော်လေး ရှုံ့နေကြတယ်။ အဲဒီ အခြေအနေမှာ ရှိနေတယ်လို့ ထင်ပါတယ်။

အိန္ဒိယကို ကျွန်တော်တို့ လွှတ်တော်ဥက္ကဋ္ဌကြီးရဲ့ စေတနာနဲ့ အမြော်အမြင်ကြီးမားစွာနဲ့ ကျွန်တော်တို့ကို နိုင်ငံခြားတိုင်းပြည်တွေကို လွှတ်တော်ကဏ္ဍတွေလေ့လာဖို့ လွှတ်တဲ့အခါမှာ ကျွန်တော်တို့ လေ့လာခဲ့ရပါတယ်။ အဲဒီအထဲမှာ တစ်ချက်က ကျွန်တော်တို့ အိန္ဒိယလွှတ်တော် ရောက်တဲ့အခါမှာ အဲဒီက ဆရာကြီးတစ်ဦးက ကျွန်တော်တို့ကို ပြောဖူးပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တွေ ခံစားခွင့်တွေကိုတော့ သိချင်ကြမယ်။ ခံစားခွင့်တွေကို စိတ်ဝင်စားမယ်ဆိုတာကို နားလည်နိုင်ပါတယ်တဲ့၊ ကျွန်တော်တို့ဆီမှာရှိတဲ့ ခံစားခွင့်တွေကတော့ အများကြီးပါ။ သူ ချပြပါတယ်။ ကိုယ်စားလှယ်တွေရော ဒီ Priviledge တောင်မှ ခွင့်ပြုပါ ခင်ဗျား။ အင်္ဂလိပ်လိုသုံးတာ၊ အများကြီး ခံစားခွင့်ရှိတယ်။ ကျွန်တော်တို့ မနှိုင်းယှဉ်အပ်လောက်အောင် သူတို့မှာ ပေးထားတဲ့ အခွင့်အရေး တွေဟာ အလျှံပယ် ပေးထားပါတယ်။ ခရီးစရိတ်၊ သွားလို့ရှိရင် မိုင်နှုန်းနဲ့ ကီလိုနဲ့ တွက်ပြီးတော့ ပေးတယ်။ နေထိုင်ဖို့ အိမ်ရာစခန်း ရှိတယ်။ သူတို့ လွှတ်တော်နံဘေးမှာ ကိုယ်စားလှယ်တွေဟာ ဘာမှ

အပူအပင်မရှိဘဲနဲ့ သူတို့ရဲ့ကဏ္ဍကို အစွမ်းကုန် ဆောင်ရွက်နိုင်တယ်။ ဒါပေမဲ့ ဒီဟာက အဓိက မဟုတ်ပါဘူး။ ဒီ ကိုယ်စားလှယ်တော်တွေရဲ့ Priviledge ဟာ ဒီဟာ မဟုတ်ပါဘူးတဲ့။ ဒီ Priviledge က သူတို့ရဲ့ ပြောရေးဆိုခွင့်ရှိတာ၊ တိုင်းပြည်အတွက် ပြောစရာရှိရင် ပြောမယ်ဆိုတဲ့ ဥစ္စာ အဲဒီ့ အခွင့်အရေးသာလျှင် အဓိကကျပါတယ်လို့ ပြောပါတယ်။

အဲဒီတော့ ကျွန်တော်တို့ဟာ တိုင်းပြည်အတွက် ဆောင်ရွက်နေကြတာပါ။ ပြောစရာရှိရင် ပြောကြပါ။ ဘာမှ ကျွန်တော်တို့ တွန့်တိုစရာ မရှိပါဘူးလို့ သဘောရပါတယ်။ အဲဒီတော့ ဒီ ကိုယ်စားလှယ်တော်တွေဟာ ကျွန်တော်တို့ လွှတ်တော် စရောက်တဲ့နေ့မှာပဲ ကျွန်တော်ဟာ ဒီ လွှတ်တော်ရဲ့ အဆောင်အယောင် ခန်းနားထည်ဝါမှုကို ကြည့်ပြီးတော့ ငါတို့ တွေးဆလာခဲ့တဲ့ ဥစ္စာတော့ အကောင်အထည်ပေါ်ပြီ၊ မြန်မာပြည်ဟာဖြင့် လွှတ်တော်ကဏ္ဍနဲ့ သွားမှပဲ ဒီနိုင်ငံဟာ တိုးတက်ဖို့ လမ်းကြောင်းရှိတယ်။ ဒီဟာပဲ အဖြေဖြစ်ပါတယ် ဆိုပြီးတော့ ယုံကြည်မှုဟာ ပိုပြီးတော့ ခိုင်မာသွားပါတယ်။ အဲဒီတော့ တဖြည်းဖြည်း ဒီ(၃)နှစ်ရောက်လာတဲ့ အချိန်မှာ ပိုလို့တောင် ခိုင်မာလာသေးတယ်။ ကျွန်တော်တို့ လွှတ်တော်ရဲ့ ဆောင်ရွက်ချက်ဟာ ပိုပြီးတော့ ပီပြင်လာတယ်။ ဒီအတိုင်းပဲ နိုင်ငံတော်ရဲ့ ကိစ္စအရပ်ရပ်သည်သာလျှင် ဒီ လွှတ်တော်မှာပဲ ကျွန်တော်တို့ လွှတ်တော်က အကောင်အထည် ဖော်ရမယ်။ ဒီနေရာကို ဥပဒေအပိုင်းက အကောင်အထည်ဖော်ပေးမှ ဒီနိုင်ငံဟာ ဥပဒေစိုးမိုးမှုအောက်မှာ ရောက်ရှိလာမယ်။ အဲဒါနဲ့ ပြည်သူ/ပြည်သားတွေက ဘယ်လိုသဘောနဲ့ ထားရှိသလဲ။ ကျွန်တော်တို့ ပြည်သူ့ဆန္ဒကို လစ်လျူရှုလို့ မရပါဘူး။ ကျွန်တော်ပြည်သူတွေနဲ့ အမြဲတမ်း မေးကြည့်တယ်။

ကျွန်တော်တို့တိုင်းပြည်မှာ ခင်ဗျားတို့ လိုအပ်ချက်တွေ အများကြီးရှိတယ်။ ကျွန်တော်တို့က လည်း ကြိုးစားနေတယ်။ ဒီလွှတ်တော်က အကောင်အထည်ဖော်နေတဲ့ စီမံကိန်းတွေအပေါ်မှာ ဘယ်လို သဘောရသလဲ။ ဘယ်လိုဖြစ်သလဲ ဆိုတဲ့အခါကျတော့ သူတို့က ကျွန်တော်တို့အနေနဲ့ ကတောတဲ့ ပြည်သူ့ဆန္ဒက တည်ငြိမ်အေးချမ်းပြီးတော့ ဒီတိုင်းပြည်မှာ ဒီမိုကရေစီထွန်းကားဖို့၊ လူ့အခွင့်အရေး အပြည့်အဝရဖို့၊ ပြည်သူ့ဘဝ လုံခြုံမှုရှိဖို့၊ တိုးတက်ဖို့ အဲဒါပဲ စဉ်းစားပါတယ်တဲ့။ နိုင်ငံတော် အုပ်ချုပ်ရေးအပိုင်းက အစိုးရပိုင်းက ဘယ်လောက်လစာ ယူတယ်၊ မယူဘူးဆိုတာ ကျွန်တော်တို့ စိတ်မဝင်စားဘူး။ ကျွန်တော်တို့ ပေးရလို့လည်း မတွန့်တိုဘူး။ ဒီဟာကို ဥပမာ စင်ကာပူကို ကြည့်ပါတဲ့ အစိုးရဟာ လစာတွေ အများကြီးပေးထားပါတယ်။ ဖူလုံအောင်ပေးထားတယ်။ အဂတိလိုက်စားမှုကို တားထားတယ်။ တိုင်းပြည်အပေါ်မှာ တာဝန်ကျေတယ် အစိုးရဟာ၊ စင်ကာပူမြို့ဟာ နိုင်ငံသားတိုင်း ကျေနပ်တယ်။ Complain ဆိုတာ လုံးဝမရှိဘူး၊ အဲဒီလို အခြေအနေမျိုးကို ကျွန်တော်တို့ လိုချင်ပါတယ်လို့ စကားကို အမြဲတမ်း ကြားရပါတယ်။

ဒီ အတွက်ကြောင့် ကျွန်တော်တို့ဟာ တာဝန်တစ်ရပ်အနေနဲ့ ကျွန်တော်တို့ တိုင်းပြည် တိုးတက်ဖို့ဆိုလို့ရှိရင် ငြိမ်းချမ်းမှုလည်း ရဖို့လိုတယ်။ ပြည်တွင်းငြိမ်းချမ်းမှု ရရှိမှလည်း ကျွန်တော်တို့ တည်ငြိမ်မှုရှိမယ်။ ဒီမိုကရေစီ အကောင်အထည်ဖော်မယ်။ တိုးတက်ရာ တိုးတက်ကြောင်းလုပ်နိုင်မယ်။ ပြည်သူ့ဆန္ဒကို ဖြည့်ဆည်းပေးနိုင်မယ်။ အဂတိလိုက်စားမှုကိုတော့ ကျွန်တော်တို့ လုံးဝတိုက်ဖျက်ရမယ်။ အဲဒါဟာ အဲဒီတာဝန်တွေကို ကျွန်တော်တို့ သယ်ပိုးနိုင်လို့ရှိရင် နိုင်ငံသားတွေဟာ ဒီ အခွင့်အရေး ဘယ်လောက် ဘယ်လောက် ပေးရ၊ ပေးရ သူတို့က လုံးဝကျေနပ်တယ်ဆိုတဲ့ဟာကို ကျွန်တော် ပြည်သူတွေနဲ့ တစ်ထပ်တည်းခံစားနိုင်ပါတယ်လို့ ပြောချင်ပါတယ်။

ကျွန်တော်တို့တွေ ဒီမိုကရေစီလမ်းကြောင်းကို ကျွန်တော်တို့ လွှတ်တော်နဲ့ သွားနေတဲ့အချိန်အခါမှာ ဒီ လွှတ်တော်ကိုယ်စားလှယ်တွေဟာ သူတို့အားနဲ့ခွန်နဲ့ အားကောင်းမောင်းသန်နဲ့ သွားနိုင်၊ လာနိုင်၊ ပြောနိုင်၊ ဆိုနိုင်မှ ဒီ ဒီမိုကရေစီ ယန္တရားကြီးဟာ မြန်မြန်အကောင်အထည်ဖော်မယ်။ ကျွန်တော်တို့ တိုင်းပြည်လည်းပဲ အမြန်ဆုံးတိုးတက်လာမယ်ဆိုတာကို ယုံကြည်ပါတယ်။ အဲဒါကြောင့်မို့လို့ အခုအခြေအနေမှာ ကျွန်တော်တို့ နေရထိုင်ရတယ်။ ဘာတစ်ခွန်းမှ ဒီကိုယ်စားလှယ်တွေဆီက တင်ပြတာ တစ်ခုမှ မရှိခဲ့ဘူး။ ပံ့ပိုးမှု နိုင်ငံတကာကို ကျွန်တော်တို့ မစဉ်းစားဘူး။ ကျွန်တော်တို့ အာဆီယံ Community ထဲ ကျွန်တော်တို့ ဝင်လာပြီ။ တစ်ခါ IPU ကျွန်တော်တို့ ကော်မတီ Memberတွေ ဖြစ်ပါတယ်။ IPU ထဲလည်း ကျွန်တော်တို့ ဝင်လာပြီ။ အဲဒီအချိန်အခါမှာ ကျွန်တော်တို့တွေရဲ့ အခန်းကဏ္ဍဟာ ဘယ်လိုရှိမလဲ၊ ဒီလူတွေရဲ့ Mind Self က ဘယ်လိုရှိမှာလဲ၊ သိမ်ငယ်နေမှာလား။ ဒီ လူတွေဟာ၊ ဒီ ပုဂ္ဂိုလ်ကြီးတွေဟာ ပြည်ထောင်စုအဆင့်ရှိ ပုဂ္ဂိုလ်ကြီးတွေပါ။ ဒီပုဂ္ဂိုလ်ကြီးတွေဟာ။ ဒီစိတ်ဓာတ်နဲ့ တာဝန်ကို ခိုင်ခိုင်မာမာ ယူရဲတယ်။ တိုင်းပြည်တာဝန်ကို ခိုင်ခိုင်မာမာ ဆောင်ရွက်နိုင်တယ်။ ပြောရဲ၊ ဆိုရဲတယ် ဆိုတဲ့ ဥစ္စာကို ကျွန်တော်တို့ လိုချင်ပါတယ်။ ဒီဟာကို ကျွန်တော်တို့ အားပေးရမယ်။ ကျွန်တော်တို့ ဖြည့်ဆည်းပေးရမယ်။ ဒါကြောင့်မိုလို့ ကျွန်တော့်အနေနဲ့ကတော့ ဘယ်၍ ဘယ်မျှ ဆိုတာတော့ မပြောလိုဘူး။ ထိုက်သင့်သလောက်ကို ထိုက်ထိုက်တန်တန် ပေးသင့်ပါတယ် ဆိုတာကို ပြောရင်းနဲ့ ကျွန်တော် နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၂၈။**

**ဥက္ကဋ္ဌ။** ။ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်ခင်ဝိုင်းကြည် ဆွေးနွေး နိုင်ပါပြီ။

**အချိန်၊ ၁၀း၀၇။**

**ဒေါ်ခင်ဝိုင်းကြည်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)။** ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများ အားလုံး ကျက်သရေမင်္ဂလာအပေါင်းနှင့်ပြည့်စုံပြီးတော့ အေးချမ်းကြပါစေလို့ ကျွန်မ မေတ္တာပို့ရင်းနဲ့ ဂါရဝပြုပါတယ်။ ကျွန်မကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါ်ခင်ဝိုင်းကြည် ဖြစ်ပြီးတော့ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များရဲ့ ချီးမြှင့်ငွေ၊ စရိတ်နဲ့ အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနဲ့ ပတ်သက်ပြီးတော့ ဆွေးနွေး သွားမှာ ဖြစ်ပါတယ်။

ဒီမှာ ကျွန်မတို့ စောစောက ကိုယ်စားလှယ်တော်ကြီး ပြောသွားသလိုပဲ လွှတ်တော် ကိုယ်စားလှယ်များဟာ ကျွန်မတို့ မဏ္ဍိုင်ကြီး(၃)ရပ်ထဲက ဥပဒေပြုမဏ္ဍိုင်မှာ ကျွန်မတို့ တာဝန်ယူပြီး ဆောင်ရွက်နေကြတဲ့၊ တာဝန်ရှိတဲ့ ပုဂ္ဂိုလ်များ ဖြစ်တာနဲ့အညီ ကျွန်မတို့က ဒီသန်း(၆၀)နဲ့ ပတ်သက်တဲ့ ဘဝတွေ၊ လူထုတွေရဲ့ ဘဝတွေကို သိဖို့အတွက် ကျွန်မတို့က ဒီမှာလူကြားထဲကို ဆင်းပြီးတော့ အသေအချာ လေ့လာပြီးတဲ့အခါကျတော့ သူတို့ လူနေမှုဘဝတွေမှာ ဘာတွေလိုအပ်နေသလဲဆိုတာကို ကျွန်မတို့က ကြည့်ပြီးတော့မှ တင်ပြတောင်းဆိုစရာရှိတာတွေကို ဥပဒေပြုပေးဖို့လိုတာလား၊ ဒါမှ မဟုတ် အခြားဖြည့်ဆည်းပေးစရာ လိုတာလားဆိုတာ ကျွန်မတို့က ဒါတွေကို ရှာဖွေပြီးတော့မှ ဒီမှာ၊ လွှတ်တော်ထဲမှာ ဒါတွေကို ကျွန်မတို့က တာဝန်ကျေစွာ ဆောင်ရွက်နေကြတာ ဖြစ်ပါတယ်။ လွှတ်တော်

အတွင်း၊ လွှတ်တော်အပြင် ကျွန်မတို့ နိုင်ငံတော်အပေါ်မှာ၊ နိုင်ငံတော်နဲ့ နိုင်ငံသားအပေါ်မှာ သစ္စာ ရှိစွာနဲ့ ကျွန်မတို့က ဆောင်ရွက်ပေးနေတဲ့ လွှတ်တော်ကိုယ်စားလှယ်များ ဖြစ်ပါတယ်။

အဲဒီတော့ ဒီလွှတ်တော်ကိုယ်စားလှယ်များသည်လည်းကောင်း၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များသည်လည်းကောင်း၊ ကျန်တဲ့ အသီးသီးသော နိုင်ငံတော်နဲ့ ပတ်သက်တဲ့ဟာ အားလုံး ရှိသမျှသည် ဒီသန်း(၆၀)ရဲ့ နိုင်ငံသားဆိုတာရဲ့ ဒီခေါင်းစဉ်အောက်မှာပါတာ ဖြစ်တဲ့အတွက် ကျွန်မတို့က မည်သည့်အဆင့်က လိုအပ်သည်ဖြစ်စေ ကျွန်မတို့ လေ့လာပြီးတဲ့အခါကျတော့ ကျွန်မတို့က တင်ပြတောင်းဆိုဖို့ ကျွန်မတို့မှာ တာဝန်ရှိပါတယ်။ အဲဒီအခါကျတော့ ကျွန်မတို့က ဒီသစ္စာပြုထားတဲ့အတိုင်း၊ ကျွန်မတို့ကို ပေးအပ်ထားတဲ့ တာဝန်တွေအတိုင်း ကျွန်မတို့က ရိုးသားဖြောင့်မတ်စွာနဲ့ အရှိကို အရှိအတိုင်း၊ ပကတိအတိုင်း ကျွန်မတို့က တင်ပြတောင်းဆိုဖို့ ကျွန်မတို့မှာ တာဝန်ရှိတဲ့အတွက် ဒီဟာကို ကျွန်မ ဆွေးနွေးမှာ ဖြစ်ပါတယ်။

အဲဒီမှာ ကျွန်မတို့ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ ကျွန်မတို့က ဆောင်ရွက်နေကြတာဖြစ်တဲ့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေကို ကျွန်မတို့ ပစ်ပယ်လို့မရပါဘူး။ အဲဒီတော့အခု ဒီဥပဒေပြုတဲ့နေရာမှာလည်း ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ အခန်း(၁)က ကျွန်မတို့က အခြေခံမူများနဲ့အညီ ကျွန်မတို့က ဒါကို နည်းနည်း ဆန်းစစ်ကြည့်ရမှာ ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်မတို့ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၇ နဲ့ ၄၈ မှာ ပါထားပြီးသား ဖြစ်ပါတယ်။ အဲဒါကတော့ ဘာလဲဆိုတော့ ၄၇ မှာတော့ ကျွန်မတို့ နိုင်ငံတော်ဆိုတာရဲ့အဓိပ္ပာယ်ကို ဖွင့်ဆိုထားတာဖြစ်ပါတယ်။ အဲဒီနိုင်ငံတော်ရဲ့ အဓိပ္ပာယ်ကတော့ သူက ဥပဒေပြုအာဏာနဲ့ အုပ်ချုပ်ရေးအာဏာကို ကိုင်စွဲကျင့်သုံးနေကြသော ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းကို ဆိုသည်လို့ အဲဒီလို ပြဋ္ဌာန်းထားတာဖြစ်တဲ့အတွက် အခု ပြည်ထောင်စုအဆင့်ပါတဲ့ အုပ်ချုပ်ရေးပိုင်းကသော်လည်းကောင်း၊ ဥပဒေပြုကသော်လည်းကောင်း အားလုံးသည် နိုင်ငံတော်အဆင့် ဖြစ်ပါတယ်။ ကျွန်မတို့ကတော့ အဲဒီလိုပဲ နားလည်ပါတယ်။

နောက်တစ်ခုကတော့ မည်သည့်ဥပဒေကို ပြဋ္ဌာန်းမယ်ဆိုလို့ရှိရင် ဒီအခြေခံမူထဲမှာပါတဲ့ဟာကို မူအနေနဲ့ နမူနာယူပြီးတဲ့အခါကျတော့ အဲဒီဟာတွေနဲ့အညီ ဆောင်ရွက်ရမယ်လို့ အခြေခံအနက်အဓိပ္ပာယ် ဖွင့်ဆိုရာတွင်လည်းကောင်း လိုက်နာရမည့် လမ်းညွှန်များဖြစ်သည်ဆိုပြီး ပြဋ္ဌာန်းထားပါတယ်။ အဲဒီမှာ အခုကျွန်မတို့ ပြည်ထောင်စုအဆင့်ဆိုတာမှာ ကျွန်မတို့ နိုင်ငံတော်သမ္မတကြီး၊ ဒုတိယသမ္မတနဲ့ ကျွန်မတို့ဆီကနေပြီးတော့ နိုင်ငံတော်မှာ တကယ်ဥပဒေပြုအာဏာကို ကိုင်စွဲပြီးတော့ ဆောင်ရွက် နေတဲ့ ကျွန်မတို့ရဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး စသည်ဖြင့် ရှိတဲ့အခါမှာ ကျွန်မတို့တွေက ဒီကြားထဲမှာရှိနေတဲ့ ကွာဟချက်တွေရှိတယ်ဆိုလို့ရှိရင် ပြည်တောင်စုအဆင့်၊ ပြည်ထောင်စုပုဂ္ဂိုလ်တွေအတွင်းမှာ ကွာဟချက်တွေ ရှိတယ်ဆိုရင် ဒီကွာဟချက်တွေကို လျော့နည်း သွားဖို့၊ သဘာဝကျကျဖြစ်ဖို့ ကျွန်မတို့က ဒါတွေကို ကြည့်ပြီးတဲ့အခါကျတော့ ဒါတွေကို တောင်းဆိုဖို့ ကျွန်မတို့မှာ တာဝန်ရှိပါတယ်။

အဲဒီတော့ကာ အခု ဒီ နိုင်ငံတော်ရဲ့ တိုးတက်လာတဲ့ စီးပွားရေးအခြေအနေ၊ မပြည့်ဝသေးတဲ့ စီးပွားရေးအခြေအနေနဲ့ တိုးတက်လာမယ့်စီးပွားရေး အခြေအနေတွေ ဒီကြားကာလမှာ လျော့နည်းပြီးတော့ ခံစားထားကြတာတွေကို အခြေအနေအကြောင်းကြောင်းအရ လျော့ပြီးတော့ ယူကြတာတွေ ရှိသော်ငြားလည်းပဲ တကယ်တမ်း တိတိကျကျ ပြတ်ပြတ်သားသားဖြစ်ဖို့ကတော့ စည်းမျဉ်းစည်းကမ်း

ဥပဒေနဲ့အညီ ဆောင်ရွက်ကြရမှာဖြစ်တဲ့အတွက် အခု ကျွန်မတို့ ကိုယ်စားလှယ်တော်ကြီးများအစ အကုန်လုံး အားလုံးရနေတဲ့ ချီးမြှင့်ငွေတွေအပေါ်မှာ အခွန်ကင်းလွတ်ခွင့်ကနေပြီးတော့မှ အခွန် ဒါကို ပြန်ပြီးတော့မှ ကောက်ခံဖို့အတွက် ဒီဟာက ပေါ်ထွက်လာတာ ဖြစ်ပါတယ်။

အဲဒီတော့ ကျွန်မတို့ ဒီ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၈၉ မှာတော့ ကျွန်မတို့က နိုင်ငံတော်အတွက် တကယ်တာဝန် ထမ်းဆောင်မယ့် နိုင်ငံသားတွေက အခွန်အကောက်ပေးရမယ့် တာဝန်တွေကို တာဝန်ကျေစွာနဲ့ ပေးဆောင်ရမယ်လို့ ပါထားပြီးသားဖြစ်တဲ့အတွက် ကျွန်မတို့ မည်သည့်အဆင့်ကဖြစ်စေ နိုင်ငံတော်ကို ပေးဆောင်ရမယ့် အခွန်တွေကိုတော့ ကျွန်မတို့က ကျေပွန်စွာနဲ့ ပေးဆောင်ဖို့ အဆင်သင့် အားလုံးရှိကြပါတယ်။ သို့သော်ငြားလည်းပဲ အခွန်ကောက်တဲ့နေရာမှာ အခွန်ကောက် သင့်တဲ့ ကဏ္ဍခေါင်းစဉ်အောက်ကနဲ့၊ အခွန်မကောက်သင့်တဲ့ဟာနဲ့ ကြည့်ကြမယ်ဆိုလို့ရှိရင် အခုဒီ ကျွန်မတို့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ တင်ပြထားချက်များကို ကျွန်မတို့က ထောက်ခံပြီးတဲ့အခါကျတော့ ချီးမြှင့်ငွေမှအပ အခြားငွေကြေးများအပေါ်မှာတော့ ဝင်ငွေခွန် ကောက်ခံခြင်းကနေပြီးတော့ ကင်းလွတ်စေဖို့ ကျွန်မ ဒါကိုလည်း တင်ပြတောင်းဆိုချင်ပါတယ်။ နောက်ကျန်တာကတော့ ကျန်တဲ့ နိုင်ငံသားတိုင်းဟာ ဥပဒေအရ ပေးဆောင်ရမယ့် အခွန်အကောက်များကို ပေးဆောင်ရန် တာဝန်ရှိသည် ဆိုတဲ့အတွက် ကျန်တာကတော့ ကျွန်မတို့ ချီးမြှင့်ငွေအပေါ်မှာ ဝင်ငွေခွန်ကောက်တာကို ကျွန်မတို့က ထောက်ခံမှာပဲ ဖြစ်ပါတယ်။

နောက် ကျန်တာကတော့ ဒီမှာ ဥပဒေပြုရေးကဏ္ဍမှာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ တို့နှင့် တရားစီရင်ရေးကဏ္ဍမှ ပြည်ထောင်စုတရားသူကြီးချုပ် တို့၏ ခံစားခွင့်များသည် အုပ်ချုပ်ရေးကဏ္ဍမှ ဒုတိယသမ္မတများနှင့် တူညီမှုရှိသင့်သည် ဆိုတာမှာ ကျွန်မကတော့ ကျွန်မတို့ နိုင်ငံမှာ ရှေ့ကနေပြီးတော့ ဆောင်ရွက်ပေးနေကြတဲ့ ကဏ္ဍကြီး(၃)ခု၊ မဏ္ဍိုင်ကြီး(၃)ခု တရားစီရင်ရေး၊ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးမှာရှိနေတဲ့ တကယ်တာဝန်ကြီးမားတဲ့ ပုဂ္ဂိုလ်ကြီးတွေ အနေနဲ့ကတော့ အခု ကျွန်မတို့ ဥပဒေကြမ်းကော်မတီက တင်ပြအစီရင်ခံထားသလိုပဲ ချီးမြှင့်ငွေများကို သဘာဝကျကျနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေက ပေးထားတဲ့ အခွင့်အရေးများနဲ့အညီ ဆောင်ရွက်ပေးစေချင်တယ်လို့ ကျွန်မက တင်ပြချင်ပါတယ်။

အဲဒီမှာ ကျွန်မတို့ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုတဲ့အခါကြတော့ ကျွန်မတို့ ဖွဲ့စည်းပုံအခြေခံ ဥပဒေမှာကလည်း ဖွဲ့စည်းပုံအခြေခံဥပဒေ ၃၄၇ မှာတော့ ကျွန်မတို့ နိုင်ငံတော်က ဘယ်သူ့ကိုမဆို ဥပဒေအရ ဥပဒေမှာ တန်းတူရပိုင်ခွင့်ရှိတယ်ဆိုတဲ့အခါ နိုင်ငံတော်ဆိုတဲ့ စကားရပ်ရဲ့ အောက်မှာ၊ အဓိပ္ပာယ်ဖွင့်ဆိုချက်ရဲ့အောက်မှာ ရှိနေကြတဲ့ ဒီ မဏ္ဍိုင်ကြီးထဲက အခုပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်ကြီးများကိုတော့ ဒီဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ ဆောင်ရွက်ပေးသင့်တယ်လို့ ကျွန်မကလည်း ဒီကျွန်မတို့ ဥပဒေကြမ်းကော်မတီရဲ့ တင်ပြအစီရင်ခံချက်အတိုင်းပဲ ဒါကို တင်ပြဆွေးနွေး တောင်းဆိုချင်ပါတယ်။ နောက်ဆုံးပြောချင်တာကတော့ ကျွန်မတို့သည် နိုင်ငံတော်အတွက် ကျွန်မတို့ အားသွန် ခွန်စိုက်နဲ့ ဆောင်ရွက်နေကြတဲ့အခါမှာ ကျွန်မတို့နိုင်ငံဟာ စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီနိုင်ငံ ဖြစ်တာနဲ့အညီ အစစအရာရာမှာ၊ ဥပဒေအရာမှာဖြစ်စေ၊ အုပ်ချုပ်တဲ့နေရာမှာပဲဖြစ်စေ ကျွန်မတို့ တရားစီရင်တဲ့နေရာမှာပဲဖြစ်စေ ညီညီမျှမျှနဲ့ တကယ်ဖွံ့ဖြိုးတိုးတက်ပြီးတော့ တကယ် စောစောက ကိုယ်စားလှယ်တော်ကြီး ပြောသွားသလို အဂတိတရား ကင်းကင်းနဲ့ ကျွန်မတို့က ဖြောင့်ဖြောင့်မတ်မတ်နဲ့၊ သစ္စာရှိရှိနဲ့

သန့်သန့်ရှင်းရှင်း ဆောင်ရွက်နိုင်ဖို့အတွက် ကိုယ်စီ ကိုယ်စီ ထိုက်တန်တဲ့ ချီးမြှင့်ငွေများနဲ့ ထိုက်တန်တဲ့ အခွင့်အရေးများကို ဆောင်ရွက်ပေးခြင်းအားဖြင့် ကျွန်မတို့နိုင်ငံရဲ့ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကို ကျွန်မတို့ ဆောင်ရွက်ကြရင်တော့ အကောင်းဆုံး ဖြစ်ပါတယ်လို့ ကျွန်မက တင်ပြအစီရင်ခံ ဆွေးနွေးရင်းနဲ့ နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၂၈။**

**ဥက္ကဋ္ဌ။** ။မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါက်တာဗညားအောင်မိုး ဆွေးနွေး နိုင်ပါပြီ။

**အချိန်၊ ၁၀း၂၈။**

**ဒေါက်တာဗညားအောင်မိုး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)။** ။လေးစားအပ်သော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ အားလုံး ကျန်းမာရွှင်လန်းကြပါစေလို့ မေတ္တာပို့ရင်းနဲ့ ဂါရဝပြုလိုက်ပါတယ်။ ကျွန်တော်ကတော့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)ဖြစ်တဲ့ ရေးမြို့နယ်မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာဗညားအောင်မိုး ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီဥပဒေကြမ်းကော်မတီက တင်လာတဲ့ ပြည်ထောင်စုအဆင့် ချီးမြှင့်ငွေ၊ စရိတ်နဲ့ အဆောင်အယောင်များဆိုင်ရာ ဥပဒေပြင်ဆင်ရေးမှာ ဒီဥပဒေကြမ်းကော်မတီ တင်ပြ သလောက် ကျွန်တော် ထောက်ခံပါတယ်။ နောက်ပြီးတော့ ဒီဝင်ငွေခွန်ကိစ္စလည်း ကျွန်တော် ထောက်ခံ ပါတယ်။ နောက်ပြီးတော့ ဒီပြည်ထောင်စုအဆင့် တာဝန်ရှိပုဂ္ဂိုလ်များကို နေရာချထားတဲ့ နေရာအဆင့် အလိုက် ဒီဥပဒေကြမ်းကော်မတီ တင်ပြသလောက် ကျွန်တော် ထောက်ခံပါတယ်။ နောက်ပြီးတော့ ဒီဝင်ငွေခွန်ကိစ္စလည်း ကျွန်တော် ထောက်ခံပါတယ်။ နောက်ပြီးတော့ ပြည်ထောင်စုအဆင့် တာဝန်ရှိ ပုဂ္ဂိုလ်များကို နေရာချထားတဲ့ နေရာအဆင့်အလိုက် Protocol လို့ ပြောတဲ့နေရာမှာ ကျွန်တော် နည်းနည်း အကြံပေးချင်ပါတယ်။

ဥပဒေကြမ်းကော်မတီနဲ့လည်း သိပ်မကွဲပါဘူး။ ဥပမာ နိုင်ငံတော်သမ္မတဟာ အုပ်ချုပ်ရေး အဖွဲ့ရဲ့ခေါင်းဆောင်အပြင် နိုင်ငံတော်ရဲ့အဓိပတိဖြစ်တယ်။ အဲဒီတော့ နိုင်ငံတော်သမ္မတကို အပေါ်ဆုံးမှာ ထားပြီးတော့ အုပ်ချုပ်ရေး၊ ဥပဒေပြုရေး၊ တရားစီရင်ရေး တာဝန်ရှိတဲ့ ပုဂ္ဂိုလ်များဖြစ်တဲ့ ဒုတိယ သမ္မတများ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌများ၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌများ၊ ပြည်ထောင်စု တရားသူကြီး ချုပ်များကို ဒုတိယအဆင့်မှာထားတာ ဒါ ဥပဒေကြမ်းကော်မတီ တင်ပြတာ မှန်တယ်။ တတိယအဆင့်မှာ နိုင်ငံတော်ဖွဲ့စည်းပုံဥက္ကဋ္ဌ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော်ဒုတိယ ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌရယ်လို့ တွေ့ရပါတယ်။ စတုတ္ထအဆင့်မှာ ပြည်ထောင်စု ဝန်ကြီး၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ချုပ် ဥက္ကဋ္ဌ၊ လူ့အခွင့်အရေးအဖွဲ့ ဥက္ကဋ္ဌ၊ နိုင်ငံတော်သမ္မတ ခန့်အပ်တဲ့အဖွဲ့များရဲ့ ဥက္ကဋ္ဌများ အဲဒီလို ဖြစ်သင့်တယ်။

နံပါတ်(၅)အဆင့် ပဉ္စမအဆင့်ကတော့ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး များ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေခုံရုံး အဖွဲ့ဝင်များ၊ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင် အဖွဲ့ဝင်များ၊ ဒုတိယဝန်ကြီးများ၊ ဒုတိယရှေ့နေချုပ်၊ ဒုတိယစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန် အဖွဲ့ဝင်များ၊

ပြည်ထောင်စုလွှတ်တော် ကျွန်တော် ထပ်ဖြည့်ချင်တာက အဲဒီအဆင့်မှာ ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များရယ်လို့ ကျွန်တော် ဖြည့်ဖို့ အကြံပြုလိုပါတယ်။ ဘာလဲဆိုတော့ ကျွန်တော်တို့ ဒီကနေ့ ပြည်သူ့ကိုယ်စားလှယ်အနေနဲ့ တာဝန်ထမ်းဆောင်တဲ့အချိန်မှာ ကျွန်တော်တို့ ဌာနချင်းနဲ့လည်း ဆက်ဆံရတယ်။ တာဝန်ရှိပုဂ္ဂိုလ်တွေနဲ့လည်း ဆက်ဆံရတယ်။ အဲဒီတော့ အချို့က ပြောတာပဲ။ အချို့က ပြောတယ်။ တင်ပြတယ်။ ဆွေးနွေးကြတယ်။ အစည်းအဝေး အခမ်းအနားတစ်ခု တက်လာတဲ့အခါ ကျတော့ Protocol အရ လွှတ်တော်ကိုယ်စားလှယ်တွေက မပါတဲ့အခါကျ ဘယ်နေရာ ထိုင်ရမှန်းမသိ၊ ဘယ်နေရာ နေရာချရမှန်းမသိ အဲဒါ အခက်အခဲ အများကြီး ရှိတယ်။

အဲဒီတော့ ကျွန်တော်တို့ ဒီ ပြည်ထောင်စုအဆင့်မှာ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ် ပါဝင်ဖို့ (၈)အနေနဲ့ ကျွန်တော် တင်ပြတာက နောက်ဆုံးအချက်အနေနဲ့၊ နောက်ဆုံးအဆင့်အနေနဲ့ ကျွန်တော်တို့ ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ် ပါဝင်ဖို့ နောက်ပြီးတော့ အဲဒီ Protocol နေရာမှာ ကျွန်တော် ကြည့်လိုက်တယ်။ ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ် မပါဘူး။ အဲဒါလည်းပဲ ပါဝင်ဖို့။ ဒါက ဘာလဲဆိုတော့ တာဝန်ထမ်းဆောင်တဲ့ နေရာမှာရော၊ နောက်ပြီးတော့ လစာ သတ်မှတ်တဲ့ နေရာမှာရော၊ လစဥ်ချီးမြှင့်ငွေ သတ်မှတ်တဲ့နေရာမှာ ဒါ စဥ်းစားဖို့ လွယ်ရအောင် ဒါကြောင့် ကျွန်တော် အဲဒီလို တင်ပြအကြံဉာဏ်ပေးတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လစာနဲ့ပတ်သက်ပြီးတော့ လစဥ်ချီးမြှင့်ငွေနဲ့ပတ်သက်ပြီးတော့ ယခင်က နိုင်ငံတော်သမ္မတက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ပြဋ္ဌာန်းခဲ့တဲ့ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်၊ အဆောင်အယောင်များဆိုင်ရာ ဥပဒေအတိုင်း ပြဋ္ဌာန်းထားသော သိန်း(၅၀)ကို မယူဘဲနဲ့ (၁၅)သိန်းပဲ ယူခဲ့တာဟာ တိုင်းပြည်စီးပွားရေး အခြေအနေနဲ့ အလွန်ကိုက်ညီခဲ့ပါတယ်။ နိုင်ငံတော်သမ္မတရဲ့ အမျှော်အမြင်ကြီးမားမှု၊ စွန့်လွှတ်မှုကိုလည်း ချီးကျူးဂုဏ်ပြုပါတယ်။ လွှတ်တော်ကိုယ်စားလှယ် အပါအဝင် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၏ လစဥ်ချီးမြှင့်ငွေအပေါ် အခွန်ကောက်ခံသင့်သော်လည်းပဲ အခြားစရိတ်အပေါ်တွင် ကောက်ခံခြင်း မပြုသင့်ကြောင်း ဥပဒေကြမ်းကော်မတီက သုံးသပ်ထားတာကို ကျွန်တော် ထောက်ခံပါတယ်။ အဆောင်အယောင်နဲ့ ပတ်သက်ပြီးတော့ ကျွန်တော်တို့ ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များ အတွက် ဘာမှ ထပ်မံတောင်းဆိုဖို့ မသင့်ဘူးလို့ ကျွန်တော် မြင်ပါတယ်။ ယနေ့ အခြေအနေအရ ယခင်က သတ်မှတ်ထားတဲ့ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ အဆောင်အယောင်ကိုတောင်မှ တတ်နိုင်သလောက် လျှော့နိုင်သလောက် လျှော့စေချင်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်သမ္မတ၏ လစာငွေကို အခြေခံပြီးတော့၊ နိုင်ငံတော်သမ္မတ လစဥ်ချီးမြှင့်ငွေကို အခြေခံပြီးတော့ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် အပါအဝင် ပြည်ထောင်စု အဆင့်ပုဂ္ဂိုလ်များ၏ လစဥ်ချီးမြှင့်ငွေကို သတ်မှတ်ပေးသင့်ပါတယ်။ ပြီးတော့ တိုင်းဒေသနဲ့ ပြည်နယ် အဆင့်ပုဂ္ဂိုလ်များရဲ့ ချီးမြှင့်ငွေကိုလည်း သတ်မှတ်ပေးသင့်ပါတယ်။ ဝန်ထမ်းလစာတိုးခြင်း၊ အလုပ်သမား လုပ်ခတိုးခြင်း၊ စီးပွားရေးအခြေအနေ ကျဆင်းခြင်း စတဲ့ အခြေအနေတို့မှာ ငွေကြေးဖောင်းပွမှု ဖြစ်တတ်တယ်။ ငွေကြေးဖောင်းပွခြင်း ကြီးမားရင် တိုင်းပြည်စီးပွားရေး ထိခိုက်တဲ့အပြင် မရှိ ဆင်းရဲသားများ အထူးပဲ အခက်အခဲ ဒုက္ခရောက်ကြတယ်။

ဥက္ကဋ္ဌကြီးက ကျွန်တော့်ကို ကျေးလက်ဒေသဖွံ့ဖြိုးရေးနဲ့ ဆင်းရဲမှုလျှော့ချရေး ကော်မတီ ဥက္ကဋ္ဌတာဝန်ကို ပေးအပ်ခဲ့တဲ့အတွက်ကြောင့် ဤအချက်ကို ကျွန်တော် ပိုပြီးတော့ လေးနက်လာတယ်။ ဒါကြောင့် လွှတ်တော်ဟာ ဥပဒေပြုတဲ့အာဏာ ရှိတဲ့အတွက်ကြောင့် ဒီဥပဒေကို ပြတ်ပြတ်သားသား ရှင်းရှင်းလင်းလင်း တိတိကျကျ သင့်တော်သလို ပြုပါလို့ တင်ပြအပ်ပါတယ်။ ယခု ဥပဒေကြမ်း ကော်မတီက တင်ပြတာဟာ စဉ်းစားဆင်ခြင်စရာ အချက်အလက်တွေပဲ တင်ပြနေတာတွေ့ရပါတယ်။ ဒီအချက်အလက်တွေ အားလုံး ခိုင်မာကောင်းမွန်ပါတယ်။ ဒါပေမဲ့ လွှတ်တော်ရဲ့ တာဝန်ယူမှု Accountability အပြည့်နဲ့ ဘယ်လိုပြင်မယ်၊ ဘယ်လို သတ်မှတ်မယ်ဆိုတာ မပါဘူး။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်အေးချမ်းသာယာရေးနဲ့ ဖွံ့ဖြိုးရေးကောင်စီဟာ လိုအပ်တဲ့ ဥပဒေများကို အသေအချာ ပြုထားပေးခဲ့လို့ ယနေ့အထိ ကျွန်တော်တို့က တိုးတက်ကောင်းမွန်အောင် ချောချောမောမောနဲ့ စနစ်တကျ ပြုပြင်ပြောင်းလဲရေးကို လုပ်နိုင်ခဲ့နေတာ အထူးပဲ ကျေးဇူးတင်ပါတယ်။ ဒါပေမဲ့ အခြေအနေအရ အခြေအနေနဲ့ကိုက်ညီအောင် ကျွန်တော်တို့ လွှတ်တော်အနေနဲ့ ပြင်ရန် လိုအပ်တဲ့ဥပဒေတွေကို ပြင်ဖို့က လွှတ်တော်ရဲ့တာဝန် ဖြစ်ပါတယ်။ လွှတ်တော်က နိုင်ငံတော် သမ္မတရဲ့ လစဉ်ချီးမြှင့်ငွေကို အရင်သတ်မှတ်ပြီး အောက်ကို တစ်ဆင့်စီ သတ်မှတ်သင့်ပါတယ်။ ဝန်ထမ်းလစာကို လွှတ်တော်ပေါ်ချိန်ကစပြီး ဘယ်လောက်တိုးပေးနိုင်ခဲ့သလဲ အဲဒီ အချိုးအစားတိုင်းဆိုရင် နိုင်ငံတော် သမ္မတ၏ လစဉ်ချီးမြှင့်ငွေကို လက်ရှိချီးမြှင့်ငွေ၏ (၁၀၀)ရာခိုင်နှုန်းထက် မပိုသော ချီးမြှင့်ငွေကို တိုးမြှင့်ပေးသင့်တယ်။

ယခုလို န.ယ.က က ပြုထားပေးတဲ့ ဥပဒေအတိုင်း တစ်ခါတည်း လက်ရှိသမ္မတ ခံစားနေတဲ့ လစဉ်ချီးမြှင့်ငွေနဲ့ဆိုရင် ရာခိုင်နှုန်း(၃၀၀)ကျော်အထိ တိုပေးလိုက်သလို ဖြစ်ပါတယ်။ ဒါ အမြင်လည်း မကောင်းဘူး။ အောက်ပိုင်းမှာ အားလုံးကို တိုးပေးလိုက်ရမှာဖြစ်တော့ တိုင်းပြည်ရဲ့ ငွေရေးကြေးရေး ကုန်စျေးနှုန်းနဲ့ စီးပွားရေး ထိခိုက်နိုင်မလားလို့ ဒါ ကျွန်တော်တို့ အလေးအနက် စဉ်းစားဖို့လိုတယ်။ ကျွန်တော်တို့ လွှတ်တော်နဲ့ အစိုးရ ဒီကနေ့ အလုပ် လုပ်ခဲ့သမျှ အောင်မြင်ခဲ့သလောက်၊ ကောင်းခဲ့သလောက် ဆင်ကြီး အမြီးမှာ တစ်သွားတယ် ဆိုတာ မဖြစ်စေသင့်ဘူး။

ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်က တာဝန်ခံမှုအပြည့်ဖြင့် ဒီဥပဒေကို တိတိကျကျ ပြင်ပါလို့ တင်ပြရင်း နိဂုံးချုပ်လိုက်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၂၈။**

**ဥက္ကဋ္ဌ**။ ။ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာအေးမောင် ဆွေးနွေး နိုင်ပါပြီ။

**အချိန်၊ ၁၀း၂၈။**

**ဒေါက်တာအေးမောင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ကြွရောက်လာကြတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော် ရခိုင်မဲဆန္ဒနယ်အမှတ်(၁)က ဒေါက်တာအေးမောင် ဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီ ဆွေးနွေးကြတဲ့ ပုဂ္ဂိုလ်တွေကို ကြည့်တဲ့အခါမှာ ကျွန်တော်တို့ တိုင်းရင်းသားတွေ များနေတာကို တွေ့ပါတယ်။

တစ်မြန်နေ့က ကျွန်တော်တို့ရဲ့ ဒီ နိုင်ငံရေးပါတီ မှတ်ပုံတင်ခြင်း ဥပဒေကို ဆွေးနွေးတဲ့အခါမှာလည်းပဲ တိုင်းရင်းသားတွေများတာကို တွေ့လို့ ကျေးဇူးတင်ပါတယ်။ ဒီ ဥပဒေတွေက ကျွန်တော်တို့ ပြန်လှန် သုံးသပ်ကြည့်မယ်ဆိုရင် ၂၀၀၈ ဖွဲ့စည်းပုံနဲ့အတူ ဖွားဖက်အဖြစ်ပါလာတဲ့ ဥပဒေပေါင်းများစွာအထဲက အဆောင်အယောင် ခံစားခွင့်နဲ့ ပတ်သက်တဲ့ ဥပဒေဖြစ်တဲ့အခါမှာ တစ်နိုင်ငံလုံးကလည်း စိတ်ဝင်စားမှာ ဖြစ်သလို သတင်းမီဒီယာသမားတွေကလည်း စိတ်ဝင်စားပါတယ်။

ဒါပေမယ့်လို့ ကျွန်တော်တို့ ခုန ဦးဗညားအောင်မိုး တင်ပြခဲ့သလိုပါပဲ။ ပြည်သူ့ကိုယ်စားလှယ် တွေရဲ့ တာဝန်ကတော့ဖြင့် ကျွန်တော်တို့ရဲ့လာမယ့် လွှတ်တော်ပေါင်းများစွာအတွက် ၂၀၀၈ ဖွဲ့စည်းပုံကို ကျွန်တော်တို့တတ်နိုင်သလောက် ပြုပြင်ပြောင်းလဲဖို့ ကြိုးစားနေတဲ့ကာလမှာ ဒီ ဥပဒေကြီးတွေနဲ့ အတူ ချိတ်ဆက်နိုင်အောင် ကျွန်တော်တို့ရဲ့လာမယ့် သက်တမ်း(၂)နှစ်လောက်ထက် လာမယ့် သက်တမ်း ပေါင်းများစွာအတွက် ရဲရဲဝံ့ဝံ့ပြင်ရမယ့် ကျွန်တော်တို့ရဲ့ ဒီနိုင်ငံသား ပြည်သူအားလုံး စိတ်ဝင်စားတဲ့ အဆောင်အယောင်နဲ့ ပတ်သက်တဲ့ ဥပဒေဖြစ်တဲ့အခါမှာ ဒေါက်တာ ဦးဗညားအောင်မိုး ပြောသလိုပါပဲ ကျွန်တော်တို့ Protocol ကို စီဖို့ လိုအပ်မှာဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ဒီ အဆောင် အယောင်ဆိုင်ရာ ဥပဒေတွေကို ပြန်ကြည့်တဲ့အခါမှာ ပြည်ထောင်စုအဆင့်နဲ့ ပတ်သက်တာ၊ တခြား အောက်ဆုံးမှာရှိတဲ့ လွှတ်တော်ကဏ္ဍနဲ့ ပတ်သက်တာတွေ အကုန်လုံးဟာ ကျွန်တော်တို့ ပြီးခဲ့တဲ့ ခေတ်ရဲ့ အုပ်ချုပ်မှု မဏ္ဍိုင်ပြုတဲ့ အခြေအနေကို ကျွန်တော်တို့ သုံးသပ်ကြရမှာ ဖြစ်ပါတယ်။

အဲဒီတော့ အုပ်ချုပ်မှု မဏ္ဍိုင်ပြုပြီး နှစ်ပေါင်းများစွာ အုပ်ချုပ်လာတဲ့ ခေတ်တစ်ခုကနေ ဒီမိုကရေစီဆိုတဲ့ လူထုပါဝင်တဲ့ ခေတ်ကို ပြောင်းတဲ့အခါမှာ လွှတ်တော်တွေရဲ့ အခန်းကဏ္ဍ၊ လွှတ်လပ်စွာ တရားစီရင်မှုဆိုတဲ့ တရားစီရင်ရေးကဏ္ဍတွေဟာ ပြန်လှန်သုံးသပ်လို့ရှိရင် နောက်တန်းမှာ နည်းနည်းလေး ရောက်နေတာကို သုံးသပ်တွေ့ရှိရမှာ ဖြစ်ပါတယ်။ အဲဒါကြောင့် ကျွန်တော်တို့ ရှေ့တန်း ကို ပြန်တက်လာနိုင်အောင် ကျွန်တော်တို့ရဲ့ ဒီမိုကရေစီခေတ်ဦးမှာ ဒီမဏ္ဍိုင်ကြီး(၃)ရပ်ကို ထိန်းညှိဖို့ အတွက် ပွင့်ပွင့်လင်းလင်းပြောရင် ကျွန်တော်တို့လွှတ်တော်မှာ တာဝန်ရှိလာပါတယ်။ ဆိုတော့ ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီ၊ အမျိုးသားလွှတ်တော်ရဲ့ ကျွန်တော်တို့ သုံးသပ်ချက်ကို ပြန်ကြည့် တဲ့အခါမှာ ပွင့်ပွင့်လင်းလင်းပြောလို့ရှိရင် နောက်ကို ခြေလှမ်းနှစ်လှမ်းလောက် နောက်ပြန်ဆုတ်နေပါ တယ်။

ကျွန်တော်တို့ သုံးသပ်ချက်(၂)ခုကို တွေ့ပါတယ်။ နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်မှု အခြေအနေ နဲ့ လျော်ညီမှုရှိ/မရှိ ပြန်လည်သုံးသပ်ရန် လိုပါတယ်ဆိုတာ (၁)ချက်ပါ။ နောက် သာမန်ပြည်သူများနဲ့ အခြေခံဝန်ထမ်းများ၏ ဝင်ငွေနှုန်းထား၊ လူနေမှုအဆင့်အတန်းတို့နဲ့ ကွာဟချက်ကြီးမားနေခြင်းကို ပြန်လှန်သုံးသပ်ရန် လိုတယ်ဆိုတဲ့ သုံးသပ်ချက်(၂)ခု၊ နောက် ပြင်ဆင်ရန် လိုအပ်တဲ့ အကြံပြုချက် တစ်ခုကတော့ဖြင့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးကဏ္ဍအသီးသီးမှ ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေသည် ကဏ္ဍ(၃)ရပ်စလုံးနဲ့ ပတ်သက်နေလို့ ဖြစ်နိုင်သမျှ ညီညွတ်မှုရှိအောင် ပြင်ဆင် ပြဋ္ဌာန်းပေးဖို့ လိုတယ်လို့ သုံးသပ်ချက်ပါ။ အဲဒီဟာလေးတွေကို ပြန်ကြည့်လို့ရှိရင် ခုနက ဒေါက်တာ ဦးဗညား ညွှန်ပြတဲ့ Protocol ဆိုတဲ့ ပြည်ထောင်စုအဆင့်ဆိုတဲ့ တန်းစီဇယားတွေကို ပြန်လှန်သုံးသပ်ဖို့ ဒီနေ့ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များ ဆိုင်ရာ ဥပဒေမှာ ထည့်သွင်းစဉ်းစားဖို့ လိုအပ်လာပါတယ်။ ဆိုတော့ ကျွန်တော်တို့ ဒီဘက်မှာလည်းပဲ ဖော်ပြထားခဲ့တာ

ရှိပါတယ်။ ဒုတိယသမ္မတများနှင့် ကျွန်တော်တို့ရဲ့ အုပ်ချုပ်မှုမဏ္ဍိုင်က ပုဂ္ဂိုလ်များ၊ ဒီဘက်က ဥပဒေပြုမဏ္ဍိုင်က ကျွန်တော်တို့ရဲ့ ဒီ အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး အပါအဝင် တရားစီရင်ရေးကဏ္ဍက ပြည်ထောင်စုတရားသူကြီးချုပ်တို့ရဲ့ လစာနှုန်းထားဟာ အဆောင်အယောင်နဲ့တကွ ချီးမြှင့်ငွေအားလုံးကို တတ်နိုင်သလောက်တူညီအောင် ဆောင်ရွက်ပေးသင့်တယ် ဆိုတဲ့ အယူအဆဟာ အင်မတန် သင့်လျော် ထောက်ခံပါတယ်။

ဆိုတော့ ကျွန်တော်တို့ ဒီ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များရဲ့ အဆောင်အယောင်တွေကို စဉ်းစားတာနဲ့ ခုန ကျွန်တော်တို့ရဲ့ ဒီ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီရဲ့ အကြံပြုချက်မှာ ပါတဲ့အတိုင်း ကျွန်တော်တို့ ဒီ နိုင်ငံတော်တစ်ခုလုံးကို ပြန်စဉ်းစားဖို့ လိုလာပါတယ်။ အပေါ်ထပ်မှာရှိတဲ့ ခုနက အုပ်ချုပ်မှု၊ တရားစီရင်မှု၊ ခုနက ဥပဒေပြုမှုဆိုတဲ့ အပေါ်ထပ်မှာရှိတဲ့ နိုင်ငံတော်ရဲ့ အမြင့်ဆုံး အဆင့်မှာရှိတဲ့ ပုဂ္ဂိုလ်တွေရဲ့ လစာနှုန်းထားတွေကို စဉ်းစားတဲ့အခါမှာ နိုင်ငံရဲ့ လူမှုစီးပွားဘဝကို စဉ်းစားသုံးသပ်ပြီးကာမှ အောက်ခြေအဆင့် သာမန်လူထုရဲ့ဝင်ငွေ၊ တစ်နှစ်ဝင်ငွေ၊ ဒီ့အပြင် နိုင်ငံ့ဝန်ထမ်းတွေရဲ့ လစာနှုန်းထား၊ နိုင်ငံ့ဂုဏ် အုပ်ချုပ်မှုယန္တရားက ကြီးကြပ်အုပ်ချုပ်နေတဲ့ အဖွဲ့အစည်း အသီးသီးရဲ့ ဖွဲ့စည်းမှု၊ ဒီ ဖွဲ့စည်းမှုနဲ့အတူ နိုင်ငံ့ဝန်ထမ်းများရဲ့ လစာနှုန်းထားတွေဟာ ဆီလျော်မှု ရှိရဲ့လား။ တစ်ပြိုင်ထဲ နိုင်ငံ့ဝန်ထမ်း ပြင်ပမှာရှိတဲ့ ကုမ္ပဏီဝန်ထမ်းတွေ၊ တခြားနိုင်ငံတကာ အဖွဲ့အစည်းတွေမှာ လုပ်တဲ့ ဝန်ထမ်းတွေ၊ UN အပါအဝင် တခြား ကုလသမဂ္ဂအဖွဲ့အစည်းမှာရှိတဲ့ ဝန်ထမ်းတွေရဲ့ နှုန်းထားတွေဟာ ကျွန်တော်တို့ နိုင်ငံ့ဝန်ထမ်းတွေရဲ့ ဂုဏ်ယူဖွယ်ဖြစ်တဲ့ လစာနှုန်းထား ဖြစ်ရဲ့လား။ ဒါတွေကို ကျွန်တော်တို့ ပြန်ပြန်လှန်လှန် သုံးသပ်ဖို့ လိုအပ်လာပါတယ်။ အဲဒီတော့ ခုနက နိုင်ငံတော်သမ္မတကြီးရဲ့ လစာနှုန်းထားကို ကြည့်တဲ့အခါမှာ သိန်း(၅၀)ဆိုတာ ကနဦး ၂၀၀၈ ဖွဲ့စည်းပုံနဲ့ ပါလာတဲ့ ခုန အဆောင်အယောင်ဆိုင်ရာ ဥပဒေရဲ့ အဆိုပြုချက်ပါ။ ဆိုတော့ ကျွန်တော် F.A.O အဖွဲ့အစည်းမှာ လုပ်ဖူးပါတယ်။ C.T.A ဟို Chief Technical Adviser လို့ ခေါ်ပါတယ်။ သူရဲ့ တစ်လဝင်ငွေဟာ US ဒေါ်လာ(၁၅၀၀၀)ရှိပါတယ်။ ပွင့်ပွင့်လင်းလင်းပြောရင် သိန်း(၁၅၀)ရှိပါတယ်။ အဲဒီတော့ ကျွန်တော်တို့ နိုင်ငံရဲ့ နိုင်ငံတော်အကြီးအကဲဖြစ်တဲ့ နိုင်ငံတော်သမ္မတကြီးတစ်ဦးရဲ့လစာဟာ သိန်း(၅၀)ဆိုတာ ဒေါ်လာ ပွင့်ပွင့်လင်းလင်းပြောရင် (၅၀၀၀)လောက်ပဲ ရှိပါတယ်။

အဲဒီတော့ ဒီဥစ္စာနဲ့ ပတ်သက်လို့ အာဆီယံ၊ ခုနက (၁၀)နိုင်ငံရဲ့ ဥက္ကဋ္ဌကြီးလည်း ဖြစ်နေတဲ့ ကာလမှာ နိုင်ငံတော်ရဲ့အကြီးအကဲတစ်ဦးကို ကျွန်တော်တို့က ချီးမြှင့်ဂုဏ်ပြုအပ်တဲ့ အဆောင်အယောင် အထိမ်းအမှတ်အနေနဲ့ ပေးအပ်သင့်တဲ့ လစာနှုန်းထားဟာ နည်းများနည်းနေသလား။ ဒီ ထက်မက တိုးပေးသင့်တဲ့ အခြေအနေရှိသလား။ ဒါ နိုင်ငံတော်မှာ အကြီးအကဲ တစ်ဦးတည်းသော ပုဂ္ဂိုလ်ဖြစ်နေတဲ့ သဘောပါ။ အဲဒီအခါမှာ ခုနတုန်းက ကျွန်တော်တို့ရဲ့ ဥပဒေပြုမှုမဏ္ဍိုင်၊ တရားစီရင်ရေးမဏ္ဍိုင်၊ အုပ်ချုပ်ရေးမဏ္ဍိုင်နဲ့ ပတ်သက်တဲ့ ထိန်းညှိနိုင်ကြရမယ့် ကျွန်တော်တို့ရဲ့ မဏ္ဍိုင်ကြီး (၃)ရပ်ကို ပေးတဲ့ လက်ရှိလစာနှုန်းထားကိုက ကျွန်တော်တို့ဟာ ထိန်းညှိပေးဖို့မလိုဘူးလား။ ဆိုတဲ့အခါမှာ ကျွန်တော်တို့ ခုနက Protocol တန်းစီဇယားမှာ တစ်စုံတစ်ခုတော့ သတ်မှတ်ပေးဖို့ လိုအပ်လာပါတယ်။ ဆိုတော့ အဲဒီလိုပါပဲ ကျွန်တော်တို့ရဲ့ ပြည်ထောင်စုလွှတ်တော်ထဲမှာပါတဲ့ ပြည်သူ့လွှတ်တော်၊ အမျိုးသား လွှတ်တော် ကိုယ်စားလှယ်တွေ၊ ဒီအထဲကတစ်ခါခုနက အမြဲတမ်းကော်မတီ၊ ကော်မရှင် စသဖြင့် ဖွဲ့စည်းထားတဲ့ အဖွဲ့အစည်းတွေ၊ နောက် ပြည်နယ်၊ တိုင်းဒေသကြီး လွှတ်တော်မှာ ရှိတဲ့ အမတ်တွေ၊

နောက် ပြည်နယ်ဝန်ကြီးချုပ်တွေ၊ နောက် ပြည်နယ် ခုနက လွှတ်တော်ရဲ့ ဥက္ကဋ္ဌကြီးတွေ ဆိုတဲ့အခါမှာ ဒီကဏ္ဍအကုန်လုံးကို ပြန်ပြီး ခွဲခြမ်းစိတ်ဖြာပြီးအခါမှာ ပြည်ထောင်စုအဆင့်၊ ခုနက တန်းစီဇယား တစ်ခုကိုတော့ဖြင့် ကျွန်တော်တို့ သုံးသပ်ဖို့လိုမယ် ထင်ပါတယ်။

အဲဒီမှာ ကျွန်တော် အကြမ်းဖျင်း(၅)ခုလောက် ကျွန်တော် တင်ပြချင်ပါတယ်။ (၁)က နိုင်ငံတော် သမ္မတကြီးရဲ့ လစာဟာ မူလသိန်း(၅၀) ဆိုတဲ့အခါမှာ သိန်း(၅၀) သို့မဟုတ် သိန်း(၅၀) ထက်တိုးပြီး ချီးမြှင့်ခံစားဖို့ ကျွန်တော်တို့ အကြံပြုသင့်ပါတယ်။ (၂)ကတော့ဖြင့် ဒုတိယသမ္မတကြီးများ၊ ဥက္ကဋ္ဌ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌများနှင့် တရားသူကြီးချုပ်တို့ရဲ့ လစာဟာ မူလက (၃၅)သိန်း၊ ဒုတိယသမ္မတကြီးက (၄၀)သိန်းဆိုရင် သိန်း(၄၀)ကို ဒီအတိုင်း သိန်း (၄၀)ထားပြီးကာမှ ခုနက ဥက္ကဋ္ဌများရဲ့ လစာ (၃၅)သိန်းကို (၅)သိန်းတိုးပြီး သိန်း(၄၀)ဖြစ်အောင်၊ တရားသူကြီးချုပ်ရဲ့ လစာ (၃၅)သိန်းကို (၅)သိန်းတိုးပြီး သိန်း(၄၀)ဖြစ်အောင် ဒုတိယအဆင့်အနေနဲ့ ထားပေးသင့်ပါတယ်။ ပြီးတဲ့အခါမှာ ဒုတိယဥက္ကဋ္ဌများ၊ ပြည်နယ်ဝန်ကြီးချုပ်များ၊ နောက် ပြည်နယ်/တိုင်းဒေသကြီးတွေမှာ ရှိတဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးများနဲ့ ပတ်သက်လို့ ဒါ ပြည်ထောင်စုအဆင့် ဝန်ကြီးများရဲ့အဆင့် အထက်မှာ ကျွန်တော်တို့ အဆင့်တစ်ခုတိုးပြီးကာမှ ထားပေးသင့်ပါတယ်။ အဲဒီအခါမှာ ခုနလို ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများရဲ့ ဥက္ကဋ္ဌများ ပါဝင်ဖို့ သင့်ပါတယ်။ အဲဒီမှာ ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာခုံရုံးရဲ့ ဥက္ကဋ္ဌ၊ နောက် ရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ၊ ရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌတို့က တစ်တန်းထဲ ထားပေးသင့်ပါတယ်။ အဲဒီအောက်မှာမှ ခုနက စတုတ္ထအဆင့်အနေနဲ့ အစိုးရအဖွဲ့ရုံး ဝန်ကြီးများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်အပါအဝင် ကျွန်တော်တို့ အခြားဖွဲ့စည်း ထားတဲ့ ကော်မရှင်အဖွဲ့ဝင်များကို တစ်တန်းထဲ ထားပေးသင့်ပါတယ်။

နောက် ပဉ္စမအဆင့်မှာတော့ဖြင့် ခုနက ဒုတိယဝန်ကြီးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသက ဥက္ကဋ္ဌများ၊ နောက် ဒုတိယ ပြည်ထောင်စု၊ ပြည်နယ်တိုင်းဒေသကြီး၊ ခုနက တရားလွှတ်တော်ချုပ် တရားသူကြီးများ၊ နောက် ဒုတိယ ခုနက ဒီ ပြည်နယ်လွှတ်တော်ရဲ့ ဒုတိယဥက္ကဋ္ဌများ စသည်ဖြင့် ဒီ ခုံရုံးအဖွဲ့ဝင်များ၊ ရာထူးဝန်အဖွဲ့ဝင်များ၊ ကျွန်တော်တို့ ကော်မရှင်အဖွဲ့ဝင်များ အသီးသီးကို ထားပြီး ကာမှ ကျွန်တော်တို့ ဒီလိုမျိုး တန်းစီဇယား(၅)ခုဆိုလျှင်ကို ကျွန်တော်တို့ဘက်က တင်ပြဖို့သင့်/မသင့်ကို ကျွန်တော် အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီကို တင်ပြခြင်း ဖြစ်ပါတယ်။

အဲဒီနေရာမှာခုနက ဒေါက်တာဦးဗညား ပြောခဲ့တဲ့ ကျွန်တော်တို့ရဲ့ ဒီ အမျိုးသားလွှတ်တော်၊ ပြည်သူ့လွှတ်တော်မှာ ပါဝင်တဲ့ လွှတ်တော်ကိုယ်စားလှယ်တွေရဲ့ကဏ္ဍကို ကျွန်တော်တို့ ပြန်လှန် သုံးသပ်တဲ့အခါမှာ ပြည်ထောင်စုအဆင့်ဆိုတဲ့ ဝေါဟာရတစ်ခုနဲ့ သမ္မတရုံးနဲ့ ကျွန်တော်တို့ လွှတ်တော် ရုံးဟာ အပြန်အလှန် စာချွန်တွေ ပါးခဲ့ကြတာကို သတိထားမိကြမှာ ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ရဲ့ Protocol ကို ပြန်ကြည့်တဲ့ အခါမှာလည်း လွှတ်လပ်ရေးနေ့ကိုပဲ ဖြစ်ဖြစ်၊ တခြားနေ့တွေမှာလည်း တန်းစီတဲ့အခါမှာ ကျွန်တော်တို့ မှတ်မိသလောက် ပြည်ထောင်စုဝန်ကြီး ပြီးလို့ရှိရင် ဒီဘက်က ရေးရာကော်မတီဥက္ကဋ္ဌ အပါအဝင် ခုနက ကော်မတီဝင်တွေ၊ နောက် တခြား လွှတ်တော်အမတ်တွေကို တန်းစီပြီးမှ ဒုတိယဝန်ကြီးတွေကို တန်းစီတာလည်း တွေ့ပါတယ်။ ဆိုတာ ဒါနဲ့ပတ်သက်လို့ ပြန်ပြန်လှန်လှန် ဆွေးနွေးပြီးကာမှ ကျွန်တော်တို့ အုပ်ချုပ်ရေးအဖွဲ့အစည်းတွေ၊ ကျွန်တော်တို့ရဲ့ လွှတ်တော်ထဲမှာရှိတဲ့ ပူးပေါင်းကော်မတီတွေဟာ အပြန်အလှန် သုံးသပ်ပြီးမှ ဒီ တန်းစီဇယား Protocol

ကို ဘယ်လိုသုံးသပ်ရင် ကောင်းမလဲ၊ ဘယ်လိုပြန်ဖြည့်ရင်ကောင်းမလဲ ဆိုတာတော့ဖြင့် အပြန်အလှန် သုံးသပ်ဖို့လိုပြီလို့ ကျွန်တော်တင်ပြချင်ပါတယ်။

နိဂုံးချုပ်အနေနဲ့တော့ဖြင့် ဒီ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များရဲ့ ချီးမြှင့်ငွေ၊ စရိတ်နဲ့ အဆောင်အယောင်များဆိုင်ရာ ဥပဒေဟာ အင်မတန် တို့ ထိတဲ့အခါမှာ အင်မတန် အန္တရာယ်များလွန်း တဲ့ ဥပဒေဖြစ်ပါတယ်။ အဲဒါကြောင့် ကျွန်တော်တို့ရဲ့ လက်ရှိ လူမှုစီးပွားဘဝတိုးတက်မှုကို ပြန်လှန် သုံးသပ်ပြီး ကျွန်တော်တို့ ဒီ အဆောင်အယောင်ဆိုင်ရာ ဥပဒေကို ကျွန်တော်တို့ ပြန်လှန်သုံးသပ်တာနဲ့ တစ်ပြိုင်တည်း ကျွန်တော်တို့ နိုင်ငံအတွင်းမှာရှိတဲ့ ဝန်ထမ်းအဖွဲ့အစည်းများရဲ့ ဝန်ထမ်းဖွဲ့စည်းပုံ၊ ဝန်ထမ်းများရဲ့ လစာနှုန်းထား၊ အထူးသဖြင့် အမျိုးသားလွှတ်တော်ရဲ့ ခု ကျွန်တော်တို့ အပြန်အလှန် သုံးသပ်တဲ့အခါမှာ အမျိုးသားလွှတ်တော်မှာရှိတဲ့ ဝန်ထမ်းများရဲ့ လစာနှုန်းထားတောင်မှ ပြည်ထောင်စုလွှတ်တော် ဝန်းကြီးတစ်ခုထဲမှာရှိတဲ့ ဝန်ထမ်းများရဲ့ လစာနှုန်းထား၊ ကနဦးလစာလေးတွေမှာ ကျွန်တော်တို့ ရာထူးတိုးတာကအစ နည်းနည်းလေးကွာခြားနေတယ်ဆိုတာလေး ကျွန်တော်တို့ ကြားနေရပါတယ်။

အဲဒီတော့ ပြည်ထောင်စုလွှတ်တော်ဝင်းကြီး တစ်ခုထဲမှာရှိတဲ့ ပြည်သူ့လွှတ်တော်၊ ပြည်ထောင်စုလွှတ်တော်က ဝန်ထမ်းတွေနဲ့ ရာထူးတိုးတာတို့၊ ဘာတို့၊ အမျိုးသားလွှတ်တော်က ဝန်ထမ်းတွေ ကွဲခြားနေတယ်ဆိုရင် တစ်နိုင်ငံလုံးမှာရှိတဲ့ ခုနကလို ဝန်ကြီးဌာန (၃၀)ကျော်လောက် အထဲက ဝန်ထမ်းတွေရဲ့ အခြေအနေ၊ ဝန်ကြီးဌာနတစ်ခုဟာကတော့ဖြင့် တကယ်ရှိသင့် ရှိထိုက်တဲ့ ဝန်ကြီးဌာနလား၊ ဒီ ဝန်ကြီးဌာနရဲ့ ဝန်ထမ်းအင်အားဟာ ဖောင်းပွနေသလား၊ တကယ်လိုအပ်သလား၊ ဒါတွေကို အပြန်အလှန် သုံးသပ်ပြီးကာမှ ကျွန်တော်တို့ အရင်တုန်းက ပြောခဲ့တဲ့ စကားတွေရှိပါတယ်။ ရာထူးဌာနန္တရ ဆိုတာ၊ ရာထူးက အရေးမကြီးဘူး။ ဌာနန္တရက အရေးကြီးတယ်ဆိုတဲ့ အသုံးအနှုန်းတွေက ဌာနန္တရနဲ့ ပတ်သက်လို့ ကျွန်တော်တို့ လာဘ်ပေးလာဘ်ယူမှု အခွင့်အရေးဆိုတာလေး ပါလာတဲ့အခါမှာ ဒီ ရာထူးတစ်ခု၊ တာဝန်တစ်ခုကို အပ်နှင်းလိုက်တဲ့ တစ်ပြိုင်တည်း ဒီလူတွေ ဒါ ချီးမြှင့်ငွေဟာ၊ သူရဲ့ ချိန်နှုန်းလစာဟာ သူရဲ့ တစ်လစာ Earning ပါ။ ဒီ ဝန်ထမ်းရဲ့ လစာနှုန်းထားမှာ စိတ်ဒုံးဒုံးချပြီးကာမှ သူ့ရဲ့တာဝန်ကျေပွန်နိုင်အောင် ကျွန်တော်တို့ ချီးမြှင့်ပေးရမှာ ဖြစ်သလို၊ ဒီ ချီးမြှင့်တာဝန်ကျေပါလျက်နဲ့ ဒီ ကျေးဇူးသစ္စာတရားကို ဖောက်ဖျက်တဲ့ ဝန်ထမ်းတွေကို ဝန်ကြီးကအစ အကုန်လုံးကို လွှတ်တော် အမတ်အဆုံး အရေးယူနိုင်အောင် ကျွန်တော်တို့ စည်းမျဉ်းစည်းကမ်းတို့နဲ့ အပြန်အလှန် ထိန်းညှိ နိုင်ခဲ့မယ်ဆိုရင် ကျွန်တော်တို့ ခု ချီးမြှင့်ပေးအပ်တဲ့ အဆောင်အယောင်တွေ၊ ချီးမြှင့်ငွေတွေ အကုန်လုံး ဟာလည်းပဲ နိုင်ငံတော်ရဲ့ သွားရာလမ်းကြောင်းကို တည့်မတ်ပေးဖို့၊ လမ်းကြောင်းမှန်ကို ရောက်ဖို့ အတွက် ကျွန်တော်တို့ အပြန်အလှန်ထိန်းညှိ၊ လူထုကလည်း သဘောတူ ကြည်ဖြူသင့်တဲ့ ဒါ နှုန်းထား တွေဖြစ်တယ်လို့ ကျွန်တော်တို့ ဆွေးနွေးလိုပါတယ်။

အဲဒါကြောင့် ပြည်သူ/ပြည်သားများအနေနဲ့ကလည်း ကျွန်တော်တို့ ယူဆတာကတော့ဖြင့် ကျွန်တော်တို့ဟာ မိမိလွှတ်တော်ရဲ့ကာလနှစ်ခု၊ (၂)နှစ်တာကာလအတွက် ပြောဆိုဆွေးနွေးတာ မဟုတ်ဘူး။ မိမိတို့ရဲ့ လာမယ့်ကာလ (၂)နှစ်တာကာလ မှာရှိတဲ့ အစိုးရအဖွဲ့တစ်ခုလုံးရဲ့ ဝင်ငွေ၊ ခုနကလို လစာနှုန်းထားကို ဆွေးနွေးနေတာ မဟုတ်ဘူး။ လာမယ့် ကာလပေါင်းများစွာရဲ့ တည်ရှိနေမယ့် ဒီမိုကရေစီလမ်းကြောင်းရဲ့ ခုနကလို Terms ပေါင်း များစွာသော လွှတ်တော်သက်တမ်းတွေ အတွက် အခြေပြုပြီးကာမှ ဆွေးနွေးနေတာဖြစ်တယ်ဆိုတာကို ပြည်သူလူထုက သဘောပေါက်ပြီးကာမှ

ကျွန်တော်တို့ရဲ့ ဆွေးနွေးချက်တွေကို နားလည်ပြီး၊ ပြည်သူနဲ့ အစိုးရ၊ ပြည်သူနဲ့ လွှတ်တော် စသည်ဖြင့် ထိန်းညှိတဲ့ ခုနလို လစာနှုန်းထားတစ်ခုကိုသာ ကျွန်တော်တို့ သတ်မှတ်နိုင်မယ်ဆိုရင် ပြည်သူကြားမှာ ရှိမှန်းမသိတဲ့ အစိုးရတစ်ရပ်ကို ကျွန်တော်တို့ ပုံဖော်သွားနိုင်မယ်လို့ ယူဆပါကြောင်းနှင့် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုလွှတ်တော်မှာရှိတဲ့ လွှတ်တော်အမတ်များရဲ့ တာဝန်အပိုင်းအရ၊ လွှတ်တော်အမတ်တစ်ဦးရဲ့ တာဝန်ဝတ္တရား ပျက်ယွင်းသွားပြီ ဆိုရင်လည်း ပြည်သူတွေက အချိန်မီ ကျွန်တော်တို့ကိုပြန်ပြီး Recall ခေါ်နိုင်အောင် ကျွန်တော်တို့ သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်ကလည်း ဥပဒေပြဋ္ဌာန်းပြီးကာမှ ကျွန်တော်တို့ လွှတ်တော်အမတ်တွေရဲ့ ကဏ္ဍကိုလည်း တည့်မတ်ပေးဖို့ လိုအပ်ပါကြောင်း တင်ပြရင်း နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၅၅။**

**ဥက္ကဋ္ဌ။** ။အစည်းအဝေးကို (၁၅)မိနစ် ခေတ္တရပ်နားပါ့မယ်။

**အချိန်၊ ၁၀း၀၇။**

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး(၁၉)ရက်မြောက်နေ့ အစည်းအဝေးကို နံနက် ၁၀း၅၅ နာရီတွင် ရပ်နားပြီး ၁၁း၁၀ အချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၁း၁၀။**

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်ခင်ဗျား။

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**အချိန်၊ ၁၀း၂၈။**

**ဥက္ကဋ္ဌ။** ။ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဇုန်လှယ်ထန်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၂၈။**

**ဦးဇုန်လှယ်ထန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သလိုပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဒီပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များရဲ့ ချီးမြှင့်ငွေ၊ စရိတ်နဲ့

အဆောင်အယောင်များဆိုင်ရာဥပဒေကို ကျွန်တော် ဆွေးနွေးခွင့်ရတဲ့အတွက်ကြောင့် အများကြီး ကျေးဇူးတင်ပါတယ်။

ကျွန်တော်တို့ နိုင်ငံတော်အေးချမ်းသာယာရေးကောင်စီက ဟိုအရင် အစိုးရက လုပ်ပေးထားတဲ့ ကျွန်တော်တို့ ဥပဒေကို ကျွန်တော်တို့ လေ့လာသုံးသပ်ကြည့်တဲ့အချိန်မှာ ကျွန်တော်တို့ အခု ကျွန်တော်တို့ ကျင့်သုံးနေတဲ့စနစ်ပေါ့နော်။ ကျွန်တော်တို့ ခေတ်အဆက်ဆက် ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ကျင့်သုံးလာတဲ့စနစ်ကတော့ ဟိုးအရင်တုန်းကတော့ ဘုရင်စနစ်ပေါ့၊ ကျွန်တော်တို့ ပြည်နယ်တွေမှာဆိုရင် စော်ဘွားစနစ် သို့မဟုတ် Chief စနစ်တွေပေါ့။ ပြီးတော့ ကျွန်တော်တို့ လွတ်လပ်ရေးရလာတဲ့ နောက်ပိုင်းမှာလည်း ကျွန်တော်တို့က Parliament, Westminster Parliamentary System System လို့ခေါ်တဲ့ ဒီ ဝန်ကြီးချုပ်နဲ့ အစိုးရအကြီးအကဲ လုပ်တဲ့စနစ်။ အဲဒီမှာက ဒီ Sepration of Power ဆိုတဲ့ အာဏာခွဲဝေမှုကို အဲဒီမှာတော့ သိပ်မပေါ်လွင်ခဲ့ဘူး။

ဘာဖြစ်လို့လဲဆိုတော့ ဒီ ဝန်ကြီးတွေက လွှတ်တော်ကိုယ်စားလှယ် ဖြစ်ခွင့်ရတယ်။ လွှတ်တော်ကိုယ်စားလှယ်တွေက ဝန်ကြီးဖြစ်ခွင့်ရတယ်ဆိုတော့ ဝန်ကြီးချုပ်ကိုယ်တိုင်ကလည်း လွှတ်တော်ကိုယ်စားလှယ် ဖြစ်နေတဲ့အချိန်ကျတော့ ဒီ လွှတ်တော်မှာ ဆွေးနွေးတဲ့အချိန်မှာလည်း ဝန်ကြီးချုပ်ဦးဆောင်တဲ့ လွှတ်တော်ကိုယ်စားလှယ်တွေကပဲ အမြဲတမ်း အသာစီးနေရတဲ့ အချိန်ကျတော့ အုပ်ချုပ်ရေးကိုပဲ အဓိကမဏ္ဍိုင်ပြုတဲ့စနစ်နဲ့ Parliament စနစ်ကိုကျွန်တော်တို့ ကျင့်သုံးခဲ့ပါတယ်။ ပြီးတော့ ဒီ Socialist စနစ်မှာလည်း လွှတ်တော်ဆိုတာက အများပြောပြောနေတဲ့အတိုင်းပဲ Rubber stamp လောက်စနစ်ပုံစံမျိုးနဲ့ ဖြစ်တယ်။ ပြီးတော့ ကျွန်တော်တို့ တပ်မတော်အစိုးရခေတ်မှာလည်း လွှတ်တော် ဆိုတာမရှိဘဲနဲ့ အုပ်ချုပ်ရေးကိုပဲ မဏ္ဍိုင်ပြုတဲ့ ကျွန်တော်တို့ ပုံစံနဲ့ ကျွန်တော်တို့သွားတယ်။ အခု စနစ်အသစ်စက်စက်ပေါ့။ ကျွန်တော်တို့ သွားတဲ့အချိန်ကျတော့ ဒီစနစ်ကဘာလဲဆိုတော့ Presidential စနစ်ပေါ့။

ဒီစနစ်မှာ ထူးခြားတာကတော့ ဘာလဲဆိုတော့ Sepration of Power အာဏာခွဲဝေမှုကို ကောင်းကောင်းလေးပေါ့ ဆိုရမလား ကျင့်သုံးတဲ့စနစ် ဖြစ်တယ်။ အဲဒီမှာ ဒီလို ကျွန်တော်တို့ စနစ်အသစ်စက်စက်ကို ကျင့်သုံးလာတဲ့ အချိန်ကျတော့ ခေတ်အဆက်ဆက် ကျင့်သုံးလာတဲ့ အဲဒီ အုပ်ချုပ်ရေးကိုပဲ မဏ္ဍိုင်ပြုတဲ့စနစ်နဲ့ ရောထွေးမှုတွေ တော်တော်ရှိလာတယ်။ အဲဒါကြောင့် ဤဥပဒေမှာ ပြုတဲ့အချိန်မှာလည်း အဲဒီတုန်းက ဥပဒေပြုတဲ့သူတွေရဲ့ စိတ်ထဲမှာ အုပ်ချုပ်ရေး မဏ္ဍိုင်ကိုပဲ ဒီလိုပဲ ဦးစားပေးတဲ့ပုံစံနဲ့ ရေးလာတာကို တွေ့ရပါတယ်။ သို့သော် ကျွန်တော်တို့ အခြေခံဥပဒေမှာ ကျွန်တော်တို့ ကျင့်သုံးတဲ့စနစ်ကတော့ ဒီ စနစ်အသစ်စက်စက် ကျွန်တော်တို့နိုင်ငံမှာ တစ်ခါမှ မကျင့်သုံးဖူးတဲ့ စနစ်ဖြစ်တဲ့အတွက်ကြောင့် ကျွန်တော်တို့ နေသားမကျတဲ့အပိုင်းတွေ အများကြီးရှိတယ်။

ကျွန်တော်တို့ ဒီလွှတ်တော်ကိုယ်စားလှယ်တွေ အပြင်မှာ သွားတဲ့အချိန်မှာ သူက ဥပမာ ကျွန်တော်တို့ ကား မောင်းတယ်။ ကားစီးနေတဲ့အချိန်မှာလည်း မော်တော်ပီကယ် ကအစ လွှတ်တော်ကိုယ်စားလှယ်တွေ ကားဆို လုံးဝဂရုမစိုက်ဘူး၊ တားချင်သလိုတား၊ အုပ်ချုပ်ရေးမဏ္ဍိုင်က ကားတွေဆိုရင်တော့ တော်တော်လေး ကြောက်ပြီးတော့ အဖြစ်ပုံစံမျိုးပေါ့နော်၊ ကျွန်တော်တို့ စနစ်ပုံစံကလည်း လုံးဝ ပြည်သူလူထုတွေရော ပြီးတော့ ဝန်ထမ်းတွေရော၊ အစိုးရဝန်ထမ်းတွေမှာ ကျွန်တော်တို့ သွားလို့ရှိရင်လည်း အဲဒီလိုပဲ၊ ဒီပြည်ထဲရေးမှာလည်း အဲဒီလိုပဲဆိုတော့ ကျွန်တော်တို့ ကျင့်သုံးတဲ့စနစ် အရမ်းနုနယ်သေးတယ်။ သုံးနှစ်ပဲ ရှိနေသေးတဲ့အချိန်ကျတော့ ကျွန်တော်တို့ ဒီအများစုက နေသား

မကျသေးဘူးဆိုတာကို ကျွန်တော်တို့ လေ့လာတွေ့ရှိရပါတယ်။ ဆိုတော့ ကျွန်တော်တို့ ပထမပြုထားတဲ့ ဥပဒေကိုကြည့်တဲ့အချိန်မှာလည်း ဒီအုပ်ချုပ်ရေးကိုပဲ အသာပေးတဲ့ပုံစံနဲ့ ဥပဒေ ထွက်လာတာကို တွေ့ရပါတယ်။

သို့သော် ကျွန်တော်တို့ အခြေခံဥပဒေအရပေါ့နော်၊ ဒီစနစ်ကိုတော့ ဒီဥပဒေတွေကိုတော့ ကျွန်တော်တို့ ပြင်ဆင်သင့်ဖို့တော့ လိုလာပြီ။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့က အစိုးရကို ဝန်ကြီးချုပ်က ဦးဆောင်တဲ့စနစ် မဟုတ်ဘဲနဲ့ အုပ်ချုပ်ရေးနဲ့ တရားစီရင်ရေးစနစ်နဲ့ ဥပဒေကို လုံးဝ အတတ်နိုင်ဆုံးပေါ့၊ လုံးဝတော့ မဟုတ်ပါဘူး။ အတတ်နိုင်ဆုံး ပိုင်းခြားပြီးတော့ ညီညီညွတ်ညွတ်လေး သွားတဲ့စနစ် ဖြစ်တဲ့အတွက်ကြောင့် ဒီအခြေခံဥပဒေနဲ့ ကိုက်ညီအောင် ကျွန်တော်တို့ရဲ့ ချီးမြှင့်ငွေတွေ အဆောင်အယောင်တွေလည်း ပြင်ဖို့လိုပါတယ် အမှန်ဆိုရင်တော့။ ဒီလိုပြင်တဲ့အချိန်မှာ ကျွန်တော် တို့က အခု ကျွန်တော်တို့ရဲ့လွှတ်တော်က တိုက်တွန်းတဲ့အတိုင်းပဲ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်ရဲ့ လစာကို ဥပဒေအတိုင်းပဲ ယူပါလို့ ကျွန်တော်တို့ တိုက်တွန်းတယ်။ နိုင်ငံတော်သမ္မတက ကျွန်တော်တို့ ယူပါမယ် ဆိုပြီးတော့ လာတယ်။ အဲဒါက တော်တော်လေး ဆီလျော်မှု ရှိတယ်။ အခု ကျွန်တော်တို့ နိုင်ငံတော် သမ္မတရဲ့လစာကိုလည်း ကျွန်တော်တို့ ဒီအတိုင်းပဲ ပထမပြုထားတဲ့ဥပဒေအတိုင်းပဲ ယူဖို့က ကျွန်တော် လုံးဝထောက်ခံတယ်။ ဘာဖြစ်လို့လဲဆိုတော့ သိပ်များတဲ့ ကိန်းဂဏန်းလည်း မဟုတ်ဘူး။ ဒုတိယ သမ္မတတွေလည်း ဒီအတိုင်းပဲ။ ဥပဒေပြုထားတဲ့အတိုင်းပဲ ယူဖို့က ကျွန်တော် လုံးဝထောက်ခံတယ်။ ဝန်ကြီးတွေ၊ ပြည်ထောင်စုအဆင့်တွေ၊ ဒုတိယသမ္မတတွေအားလုံး ကျွန်တော်တို့ အာဆီယံဥက္ကဋ္ဌ ဖြစ်လာပြီဆိုတဲ့အတွက်ကြောင့် ကျွန်တော်တို့ ဒီအာဆီယံနဲ့လည်း ဒီလစာက နည်းနည်းလိုက်လျောညီထွေ ရှိဖို့ လိုတယ်။ ကျွန်တော်တို့ နိုင်ငံတော်သမ္မတရဲ့ ပြောတဲ့အတိုင်းပေါ့။ ကျွန်တော်တို့ စီးပွားရေး အခြေအနေကလည်း နည်းနည်း အခြေအနေ ကောင်းလာတယ်ဆိုတာ ကြားရပါတယ်။ ဆိုတဲ့အချိန် ကျွန်တော်တို့ ဥပဒေမှာပြုတဲ့ ဥပဒေမှာရှိတဲ့အတိုင်းပဲ ယူသင့်ပါတယ်။

တစ်ချိန်တည်းမှာပဲ အခြေခံဥပဒေမှာ ကျွန်တော်တို့ကျင့်သုံးတဲ့ စနစ်အတိုင်းပဲ ပြင်သင့်တာ တွေကိုတော့ ကျွန်တော်တို့ ပြင်သင့်ပါတယ်လို့ ယူဆပါတယ်။ အဲဒီမှာ ကျွန်တော်တို့ ဆိုတော့ ပထမမှာ အခြေခံဥပဒေမှာ ဒီလိုကျင့်သုံးပေမယ့် အောက်မှာလာတဲ့ဥပဒေမှာ မမြင်တာက ဘာလဲဆိုတော့ ကျွန်တော်တို့သမ္မတစနစ်ကို ကျင့်သုံးတဲ့ အမေရိကန်နိုင်ငံကို လေ့လာကြည့်တဲ့အချိန်မှာ ကျွန်တော် Slide က Memory Stick နဲ့ယူလာတော့ Virus ကြောင့် ဖြစ်မယ်ထင်တယ် ပြလို့မရဘူး။ နောက်တစ်ခါ အမျိုးသားလွှတ်တော်နဲ့ ပြည်သူလွှတ်တော်ကိုယ်စားလှယ်တွေရဲ့ လစာနဲ့ချီးမြှင့်ငွေ အကြောင်းကို ဆွေးနွေးတဲ့အချိန်မှာ ပြန်ပြဖို့ ကြိုးစားပါမယ်။ အခုကတော့ ဒီ Hard Copy နဲ့ ဒီစာအပေါ်မှာပဲ ပြောပါမယ်။ ဆိုတဲ့အချိန်ကျတော့ နိုင်ငံတော်သမ္မတက တစ်ဦးတည်းသော State Head နိုင်ငံတော်ရဲ့ အထွတ်အထိပ် ဖြစ်တဲ့အတွက်ကျတော့ သူက အများဆုံးဖြစ်ရမယ်။ ဒါသဘာဝ ကျတယ်။ သို့သော် ဒုတိယသမ္မတနဲ့ လွှတ်တော်ရဲ့အကြီးအကဲနှစ်ပါးပေါ့၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြီးတော့ တရားလွှတ်တော်ချုပ်ရဲ့ တရားသူကြီးချုပ်၊ ဒါကတော့ တပြေးညီဖြစ်ဖို့လိုတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီလိုမျိုးပုံစံပဲကျွန်တော်တို့ အခြေခံဥပဒေမှာ ကျင့်သုံးတဲ့အတွက်ကြောင့် ဖြစ်ပါတယ်။ ဒီလို ကျင့်သုံးတဲ့နိုင်ငံ၊ အမေရိကန်နိုင်ငံတို့မှာ လေ့လာမယ်ဆိုရင်လည်းပဲ ဒီလိုပဲ တပြေးညီတည်းပဲ သူတို့ ပေးတာကို တွေ့ရပါတယ်။

အဲဒါကြောင့် ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီက ဒီလေ့လာသုံးသပ်ထားတဲ့ ဥပဒေပြုရေး ကဏ္ဍမှာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ တို့နှင့် တရားစီရင်ရေး ကဏ္ဍမှ ပြည်ထောင်စုတရားလွှတ်တော်၊ ပြည်ထောင်စုတရားသူကြီးချုပ်တို့၏ ခံစားခွင့်သည် အုပ်ချုပ်ရေးကဏ္ဍမှ ဒုတိယသမ္မတများနှင့် အဆင့်တူညီမှုရှိသင့်ကြောင်း ဆိုတာကို ကျွန်တော်လုံးဝ ထောက်ခံပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့ ကျင့်သုံးတဲ့စနစ်သစ် အခြေခံဥပဒေအရ ဒီလိုပဲဖြစ်ရမှာ ဖြစ်ပါတယ်။ ဒီလိုပုံစံမျိုး ကျင့်သုံးတဲ့နိုင်ငံတွေမှာလည်း ဒီလိုပဲလုပ်ပါတယ်။ ကျွန်တော်တို့က Amount တွေကတော့ ဘယ်လောက် အဆောင်အယောင်ရှိရမယ် ဘာညာတော့ မပြောချင်ပါဘူး။ ဒီအချိုးအစားလေး တွေကိုတော့ ပြောချင်ပါတယ်။ ပြီးတော့ ဒုတိယအဆင့်မှာ အဲဒီအောက်မှာရှိတဲ့ ကျွန်တော်တို့ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များရဲ့ လစာများနဲ့ ချီးမြှင့်ငွေများ၊ ကျွန်တော်တို့ ဒီအတိုင်းပဲ၊ ဥပဒေမှာ ပြုထားတဲ့အတိုင်းပဲ ယူသင့်ပါတယ်။ ကျွန်တော်တို့ အာဆီယံမှာ စောစောက ပြောတဲ့အတိုင်းပဲ။ အာဆီယံ ဥက္ကဋ္ဌနေရာလည်း ယူလာပါပြီ။ ဆိုတော့ ဒီလောက် ကျွန်တော်တို့ သင့်တင့်လျောက်ပတ်တဲ့ အနေအထားရှိသင့်ပါတယ်။ ဒီလိုပြောတဲ့အချိန်မှာ တစ်ချိန်တည်းမှာပဲ ကျွန်တော်တို့ စဉ်းစားသင့်တဲ့ တစ်ခုကတော့ ဘာလဲဆိုတော့ ခုန စောစောတုန်း ကပြောတဲ့အတိုင်းပဲ ကျွန်တော်တို့ ကျင့်သုံးလာတဲ့ စနစ်က ဒီလိုစနစ်။

ဆိုတော့ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်လို့ခေါ်တဲ့ အချိန်မှာ အလွယ်အားဖြင့် ကျွန်တော်တို့ သဘောပေါက်လာကတော့ ဝန်ကြီးတွေပေါ့နော်။ ဒီလိုစနစ် ကျင့်သုံးလာတဲ့အချိန်ကျတော့ ဟုတ်ပါပြီ။ ကျွန်တော်တို့ ဥပဒေပြုရေးမဏ္ဍိုင်မှာရှိတဲ့ ပုဂ္ဂိုလ်တွေကိုရော ဘယ်လို လုပ်ရမလဲ။ အခက်အခဲတွေ ပေါ့နော်။ ကျွန်တော်က ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်တွေရဲ့ချီးမြှင့်ငွေကို ရသင့်တယ်။ စီးပွားရေး အခြေအနေတွေလည်း ကောင်းလာတယ်။ သို့သော် အခြေခံဥပဒေပြဋ္ဌာန်းထားတဲ့အတိုင်းပဲ ဘယ်လို ညှိနိုင်းရမလဲ။ အဲဒါကိုတော့ အရင်လွှတ်တော်တုန်းက ဒီ နာယက ပြောတဲ့အတိုင်းပဲ။ နိုင်ငံတော်ဘဏ္ဍာ အခြေအနေကိုသိတဲ့ အစိုးရအဖွဲ့ကလည်း နည်းနည်းလာပြောသင့်ပါတယ်။ ကျွန်တော်တို့က ဘယ်လောက်ယူရမလဲ။ ဘယ်လောက်ဖြစ်သင့်သလဲဆိုတာကို ဟိုဟာပေါ့။ ကျွန်တော်တို့ အမှန်ဆိုရင် လွှတ်တော်က Decision Maker ပဲ။ လွှတ်တော်ဆိုတာ လွှတ်တော်ရဲ့ဆုံးဖြတ်ချက်ကအတည်ပဲ။ ကျွန်တော်တို့ အခြေခံဥပဒေရဲ့ ဥပဒေရပေါ့နော်။ သို့သော် ကျွန်တော်တို့မှာလည်း ဆုံးဖြတ်သင့်တာ ကတော့ ကျွန်တော်တို့က ပြည်သူတွေက ရွေးတဲ့ကိုယ်စားလှယ်ဖြစ်တဲ့အတွက်ကြောင့် ကိုယ် ဆုံးဖြတ် သင့်တာကတော့ ရဲရဲဝင့်ဝင့် ဆုံးဖြတ်ရပါမယ်။

ဒီလွှတ်တော်ကိုယ်စားလှယ်တွေရဲ့ လစာနဲ့ ပြည်ထောင်စုအဆင့်ဝန်ကြီးတွေရဲ့လစာကိုတော့ နိုင်ငံတကာမှာလည်း မီဒီယာတွေက ဝေဖန်နေကြအတိုင်းပဲ။ ဝေတော့ဝေဖန် နေတယ်။ဒါပေမဲ့ ဖြစ်သင့်တာကိုတော့ လွှတ်တော်က အမြဲတမ်းဆုံးဖြတ်တုန်းပဲ။ အဲဒီလိုဆိုတော့ ကျွန်တော်တို့ ကလည်း ဖြစ်သင့်တာကိုတော့ ကျွန်တော်တို့ ဆုံးဖြတ်ဖို့တော့လိုတယ်။ သို့သော် ကျွန်တော်တို့ Decision Maker လို့ဆိုပေမယ့် ကြိုက်သလောက် ဒီလိုဖြစ်သင့်တယ်လို့ မပြောဘဲ နိုင်ငံတော်ဘဏ္ဍာ အခြေအနေကို ပိုသိတဲ့ အစိုးရအဖွဲ့ကနေ ကျွန်တော်တို့ ဟုတ်ပြီ၊ ဥပဒေပြုရေးမဏ္ဍိုင်နဲ့၊ အုပ်ချုပ်ရေးမဏ္ဍိုင်နဲ့ တရားစီရင်ရေးမဏ္ဍိုင်တွေအတွက် ဒီလိုပုံစံလေးတော့ ကျွန်တော်တို့ ရှိသင့်တယ်ဆိုတာတော့ သူတို့ရဲ့

အမြင်လေးတော့ လာပြောသင့်တယ်လို့ ကျွန်တော် မြင်ပါတယ်။ မှန်ကန်တဲ့ ဆုံးဖြတ်ချက်ကို လွှတ်တော်က ဆုံးဖြတ်နိုင်အောင် လို့ပေါ့။ အဲဒီလိုပဲလို့ ကျွန်တော်ထင်ပါတယ်။

အဲဒါကြောင့် ဒီအချိုးအစားလောက်နဲ့ပဲ ကျွန်တော် ပြောချင်ပါတယ်။ ဒီကျွန်တော်တို့ လူဦးရေအရ လွှတ်တော်မှာ လူများတဲ့အတွက်ကြောင့် ဒီအုပ်ချုပ်ရေးမဏ္ဍိုင်မှာရှိတဲ့ ပုဂ္ဂိုလ်များရဲ့ လစာနှုန်းထားအတိုင်း ထားကိုထားရမယ်လို့တော့ မဆိုလိုပါဘူး။ သို့သော် ဒီလိုမျိုး ပြည်သူလူထုတွေ ကလည်း ကျွန်တော်တို့ ကျင့်သုံးလာတဲ့စနစ်တွေကိုလည်း ပိုနားလည်လာအောင်၊ ဝန်ထမ်းတွေကလည်း ပိုနားလည်လာအောင်၊ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တွေရဲ့ သွားလာရေးဟာလည်း အဆင်ပြေလာအောင်၊ ကျွန်တော်တို့ လွှတ်တော်နဲ့ လွှတ်တော်ကိုယ်စားလှယ်များရဲ့ လစာ ကဏ္ဍမှာ နည်းနည်းဒီထက်ပိုပြောမယ်။ ဒီအချိန်မှာတော့ ကျွန်တော်ပြောချင်တာတော့ အချိုးအစား ဖြစ်သင့် ဖြစ်ထိုက်တာလေးကိုတော့ ကျွန်တော်တို့ အစိုးရဘက်ကလည်း လာဆွေးနွေးသင့်တယ်လို့ ဆိုတာကို ပြောရင်းနဲ့ နိဂုံးချုပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၂၈။**

**ဥက္ကဋ္ဌ။** ။ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးဝင်းနိုင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၂၈။**

**ဗိုလ်မှူးဝင်းနိုင် (တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ယနေ့ အစည်းအဝေးကို ကြွရောက်လာကြသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များနဲ့ ဖိတ်ကြားထားသော ပုဂ္ဂိုလ်များအားလုံး ကျန်းမာချမ်းသာကြပါစေကြောင်း လေးစားစွာနဲ့ ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ပြန်တမ်းဝင်အမှတ် ကြည်း ၃၃၄၄၅၊ ဗိုလ်မှူးဝင်းနိုင် ဖြစ်ပါတယ်။ ဒီနေ့ အစည်းအဝေးမှာ ကျွန်တော့်အနေနဲ့ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များ ဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း ပတ်သက်ပြီးတော့ ဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ တချို့စာသားများကို စာဖြင့် ဖတ်ကြားခွင့်ပြုပါရန် ခွင့်တောင်းခံအပ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ပြည်ထောင်စုအစိုးရအဖွဲ့မှ တင်ပြလာတဲ့ ပြည်ထောင်စု အဆင့် ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်ဆိုင်ရာဥပဒေအား ပြင်ဆင်သည့် ဥပဒေကြမ်းတွင် မူလဥပဒေမှာပါရှိတဲ့ ပုဒ်မ ၂၈ ကို ပယ်ဖျက်ပြီးတော့ ပုဒ်မ ၂၉၊ ပုဒ်မ ၃၀ တို့ကို ပုဒ်မ ၂၈၊ ပုဒ်မ ၂၉ တို့ဖြင့် အသီးသီးပြန်လည်အမှတ်စဥ်ရမည် ဟု ပြဋ္ဌာန်းထားကြောင်း တွေ့ရပါတယ်။ မူလဥပဒေ ပုဒ်မ ၂၈ မှာ ဆိုလို့ရှိရင်တော့ ဒီဥပဒေအရ ခံစားခွင့်ပြုသည့် ဝင်ငွေ အရပ်ရပ်အပေါ် ဝင်ငွေခွန်ကောက်ခံခြင်းမှ ကင်းလွတ်စေရမည် ဟု ပြဋ္ဌာန်းထားပါတယ်။ ထိုပြဋ္ဌာန်းချက်ဟာဆိုလို့ရှိရင် ကျွန်တော်တို့ ၂၀၀၈ ခုနှစ်၊ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၈၉ မှာ ပြဋ္ဌာန်းထားတဲ့ နိုင်ငံသားတိုင်းသည် ဥပဒေအရ ပေးဆောင်ရမည့် အခွန်အကောက်များကို ပေးဆောင်ရန် တာဝန်ရှိသည် ဟူသော ပြဋ္ဌာန်းချက်နဲ့ သွေဖည်ရာ ရောက်နေသကဲ့သို့ ဖြစ်နေပါတယ်။

ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များအဖို့ ဒီလို နိုင်ငံသူ၊ နိုင်ငံသားတိုင်း နိုင်ငံတော်မှ လေးစား လိုက်နာရမယ့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မညီညွတ်ရာရောက်နေသကဲ့သို့လည်း ရှိနေပါတယ်။ ဒါ့အပြင် ဘဏ္ဍာရေးဝန်ကြီးဌာနရဲ့ ၁၅-၃-၂၀၁၂ ရက်နေ့ရဲ့ ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ်၊ ၁၀၆/၂၀၁၂ နဲ့ ၁၀၇/၂၀၁၂ တို့ဖြင့် ထုတ်ပြန်ခဲ့သော ဝင်ငွေခွန်စည်းကြပ်ခြင်းဆိုင်ရာ အမိန့်ကြော်ငြာစာပါ မည်သူမဆို လစာခေါင်းစဉ်မှ ဝင်ငွေအပေါ် သတ်မှတ်ထားသော သက်သာငွေများ ခုနှိမ်ပြီးနောက် ကျန်လစာဝင်ငွေ အပေါ်တွင် ဝင်ငွေခွန် ပေးဆောင်ရန်နှင့် ဝင်ငွေခွန်ပေးဆောင် ရာတွင်လည်း ပြန်တမ်းဝင်အရာရှိအဆင့် ဖြစ်မှသာ ပေးဆောင်ရန် ဟူသော ဖော်ပြချက်နှင့် ဒီမူလဥပဒေမှာပါရှိတဲ့ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ် များသည် ၎င်းဖော်ပြချက်နှင့် အကျုံးဝင်ကြောင်းလည်း တွေ့ရှိရပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ မြန်မာနိုင်ငံမှာရှိတဲ့ သန်း(၆၀)ကျော်သော ပြည်သူလူထု ရဲ့အကျိုးကို ရှေးရှုဆောင်ရွက်နေတဲ့ အဓိက မဏ္ဍိုင်ကြီး(၃)ရပ်ဖြစ်တဲ့ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးကဏ္ဍအသီးသီးမှ အဓိက ပုဂ္ဂိုလ်များဖြစ်တဲ့ ပြည်ထောင်စုအဆင့်မှ ပုဂ္ဂိုလ်များသည် နိုင်ငံတော်နှင့် နိုင်ငံသားတိုင်း လေးစား လိုက်နာရမယ့် ဖွဲ့စည်းပုံ အခြေခံဥပဒေအား လေးစားလိုက်နာမှုရှိတဲ့အနေနဲ့ ကျွန်တော်တို့ ဒီ မူလဥပဒေပါ ပုဒ်မ ၂၈ အား ပယ်ဖျက်သင့်သည်ကို ကျွန်တော့်အနေနဲ့ ထောက်ခံပါကြောင်း ဆွေးနွေးလိုပါတယ်။

ဆက်လက်ပြီးတော့ ဒီမူလဥပဒေ ပုဒ်မ ၂၈ အား ပယ်ဖျက်ပြီးတော့ ပုဒ်မ ၂၉၊ ပုဒ်မ ၃၀ တို့ကို ပုဒ်မ ၂၈၊ ပုဒ်မ ၂၉ ဖြင့် အသီးသီးပြင်ဆင်သတ်မှတ်ပြီးတော့ ကျန်ပုဒ်မများကိုလည်း မူလဥပဒေ အတိုင်းသာ ဆက်လက်ပြဋ္ဌာန်းသင့်ပါကြောင်း ထောက်ခံဆွေးနွေးလိုပါတယ်။ ဒီကျန်ပုဒ်မများကို ဆိုလို့ ရှိရင်တော့ အဓိကအားဖြင့် ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်ဥပဒေဆိုင်ရာများကို ပြဋ္ဌာန်း ထားတဲ့ ပုဒ်မများ ဖြစ်ပါတယ်။ ဒီဟာတွေကို မူလချီးမြှင့်တဲ့အတိုင်း ပြဋ္ဌာန်းထားတဲ့အတိုင်း ဘာကြောင့် ဆက်လက်ပြဋ္ဌာန်းသင့်တယ်ဆိုတာကို ဒီဥပဒေမှာပါရှိတဲ့ မူလပြဋ္ဌာန်းချက်များသည် စောစောက တင်ပြ ခဲ့သလိုပဲ ကျွန်တော်တို့ သန်း(၆၀)ကျော်သော ပြည်သူလူထုရဲ့ အကျိုးအတွက် ဆောင်ရွက်နေရတဲ့ ရာဇဂုဏ်နှင့်မျှ၊ ဆယ်ဂုဏ်နှင့်မျှသာ ရှိသော လူပုဂ္ဂိုလ်များ ဖြစ်ပါတယ်။ အဲဒီအတွက် ကြောင့်မို့လို့ ထမ်းဆောင်ရတဲ့တာဝန်နဲ့အညီ ကျွန်တော်တို့ မူလဥပဒေ နိဒါန်းမှာလည်း ပြဋ္ဌာန်းထားတာ ရှိပါတယ်။

ကျွန်တော်တို့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၄၃ အရ ဒီတာဝန်တွေကို ထမ်းဆောင် ရမယ့် ပုဂ္ဂိုလ်များသည် သူတို့ ထမ်းဆောင်ရမယ့် တာဝန်နဲ့ညီမျှတဲ့ အဆောင်အယောင်တွေကို ခံစား နိုင်ရန် ဆိုပြီးတော့ ဒီဥပဒေတွေကိုလည်း ပြဋ္ဌာန်းထားခြင်း ဖြစ်ပါတယ်။ အဲဒါကြောင့်မို့လို့ ထမ်းဆောင် ရတဲ့တာဝန်နဲ့ ညီမျှအောင် ခံစားခွင့်၊ ချီးမြှင့်ငွေ၊ အဆောင်အယောင်နှင့် စရိတ်များ မူလ ဥပဒေအတိုင်းဆက်လက် ပြဋ္ဌာန်းသင့်ပါကြောင်း ကျွန်တော့်အနေနဲ့ ထောက်ခံဆွေးနွေးအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံ့ဝန်ထမ်းများနှင့် ပုဂ္ဂလိက ဝန်ထမ်းများနည်းတူ နိုင်ငံတော်အတွက် အခွန်တာဝန်ကို ထမ်းဆောင်နိုင်စေရန် ရည်ရွယ်ချက်နဲ့ ကျွန်တော်တို့ ပြည်ထောင်စု အစိုးရအဖွဲ့ကနေ တင်ပြလာတဲ့ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင် အယောင်ဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ကျွန်တော့်အနေနဲ့ လေးလေးနက်နက် ထောက်ခံ ပါကြောင်း ဆွေးနွေးရင်းနိဂုံးချုပ်အပ်ပါတယ်။

**အချိန်၊ ၁၀း၂၈။**

**ဥက္ကဋ္ဌ။** ။ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးစတီဗင်သာဘိတ် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၂၈။**

**ဦးစတီဗင်သာဘိတ်၊ ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၄)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ချင်းပြည်နယ် အမှတ်(၄) ဟားခါးမြို့မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ကျွန်တော် ဦးစတီဗင်သာဘိတ် မှ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့အစီရင်ခံစာ ပြည်ထောင်စုအဆင့်များရဲ့ ချီးမြှင့်ငွေနဲ့ပတ်သက်ပြီး ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် စာနဲ့ ဖတ်ကြားခွင့်ပြုပါရန်နှင့် အင်္ဂလိပ်လို ပါတဲ့ဟာလည်း ခွင့်ပြုပါရန် ပန်ကြားအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်သမ္မတက နိုင်ငံတော်စီးပွားရေးဟာ တိုးတက်သလောက် တိုးတက်နေပြီ ဖြစ်တဲ့အတွက် ဥပဒေပြဋ္ဌာန်းချက်နဲ့အညီ လစဉ်ချီးမြှင့်ငွေ လက်ခံရန် ဆန္ဒရှိနေပြီ ဖြစ်ကြောင်း ပြောဆိုချက်အပေါ် နိုင်ငံတော်သမ္မတတစ်ဦးတည်း မဟုတ်ဘဲ အဆင့်ဆင့်သော ပုဂ္ဂိုလ်များရဲ့ လစဉ်ချီးမြှင့်ငွေကို ပါ ဥပဒေနဲ့အညီ ချီးမြှင့်ရန် လိုအပ်မှာဖြစ်တာကို သဘောပေါက်နားလည်ပါတယ်။ နိုင်ငံတော်သမ္မတကြီး အနေနဲ့ နိုင်ငံတော် တိုင်းပြည်ရဲ့ စီးပွားရေးအား တိုးတက်မှု ရှိလာပြီဆိုတဲ့ မိန့်ခွန်းဟာ နိုင်ငံသားတိုင်းအတွက် မင်္ဂလာရှိသောသတင်းဖြစ်ပြီး ဝမ်းပန်းတသာ ကြိုဆိုရမှာ ဖြစ်ပါတယ်။ ဒါ ကျွန်တော်တို့ တိုင်းသူပြည်သား မျှော်လင့်တောင်းတနေသော သတင်း၊ မျှော်လင့်ချက်ကြီးစွာနဲ့ စောင့်စားနေရတဲ့ သတင်း ဖြစ်ပါတယ်။

သို့သော်လည်းပဲ နိုင်ငံတော်စီးပွားရေးဟာ တိုးတက်လာပြီဆိုတဲ့အချက်ဟာ အမှန်တကယ် ရော တိုးတက်မှု ရှိနေပြီလား။ စာရွက်ပေါ် မှာပဲ ဘယ်လောက်တိုးတက်မှု ရှိနေပါတယ်လို့ ကိန်းဂဏန်းသာ ဖြစ်နေသလား။ ဆင်းရဲနွမ်းပါးမှုအောက်မှာ နစ်မွန်းနေကြသော ပြည်သူလူထုအတွက်မှာရော၊ အနိမ့်ဆုံး လူတန်းစား စားဝတ်နေရေးအပေါ် မှာပါ သက်ရောက်မှု ရှိနေပြီလား။ တိုင်းပြည်ငွေ ဖောင်းပွမှု ပြဿနာ၊ အလုပ်လက်မဲ့ပြဿနာ၊ Infrasturucture ခေါ်တဲ့ လမ်းပန်းဆက်သွယ်ရေးပြဿနာ လျှပ်စစ်ဓာတ်အား ပြဿနာ၊ FDI ခေါ် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအပေါ် ယုံကြည်စိတ်ချတဲ့ ဥပဒေ၊ ညွှန်ကြားချက်များ၊ စိုးရိမ်မှုပြဿနာ၊ လူ့အရင်းအမြစ် ပြည့်စုံမှုမရှိတဲ့ ပြဿနာ၊ လာဘ်ပေးလာဘ်ယူမှု အကျင့်ပျက်ခြစားမှု နေရာအနှံ့မှာ ရှိနေသေးတဲ့ပြဿနာဆိုတာ ပြဿနာပေါင်း မြောက်မြားစွာရော တိုးတက်မှု ရှိနေပြီလား ဆိုတဲ့အချက် မေ့ထားလို့ မရတဲ့ ပြဿနာ ဖြစ်နေကြောင်းကို ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာအပေါ် ဦးစွာဆွေးနွေးလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ လစဉ်ချီးမြှင့်ငွေကိစ္စအပေါ် မဏ္ဍိုင်ကြီး (၃)ရပ်အတွင်းရှိနေတဲ့ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ အားလုံးနဲ့ ပတ်သက်ပါဝင်ရမှာ ဖြစ်ပါတယ်။ လစဉ်ချီးမြှင့်ငွေ၏ အနည်းအများအပေါ် ဝေဖန်သုံးသပ်ရန် မရှိပါသော်လည်း နိုင်ငံတော်ကြီးကို ဦးဆောင်ဖို့ ဥပဒေက ပြဋ္ဌာန်းထားတဲ့ အုပ်ချုပ်ရေးမဏ္ဍိုင်၊ တရားရေးမဏ္ဍိုင်၊ ဥပဒေပြုရေးမဏ္ဍိုင်မှာ တာဝန်ထမ်းဆောင်နေကြတဲ့ ပုဂ္ဂိုလ်များရဲ့ လစဉ်ချီးမြှင့်ငွေ ညီမျှမှုမရှိ ဖြစ်နေတဲ့ဟာကိုတော့ သုံးသပ်ဖို့

လိုမှာ ဖြစ်ပါတယ်။ စရိတ်၊ အဆောင်အဆောင်များကို ကျယ်ပြန့်မှုရှိတဲ့အတွက် ရှေ့ကလည်း ကိုယ်စားလှယ်ကြီးများ ဆွေးနွေးသွားပြီး ဖြစ်တဲ့အတွက် သုံးသပ်မှု မပြုလိုတော့ပါ။

ဥပဒေပြုရေးကဏ္ဍမှာ တာဝန်ထမ်းဆောင်နေတဲ့ လွှတ်တော်ဥက္ကဋ္ဌများမှအစ ပြည်ထောင်စု လွှတ်တော်ကိုယ်စားလှယ်များဟာ ကျန်ကဏ္ဍ(၂)ရပ် ချီးမြှင့်ငွေနဲ့ အဆောင်အယောင် သတ်မှတ်ခြင်း ညီမျှမှု မရှိတာဟာ အလွန်အရုပ်ဆိုးပြီးတော့ ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်တို့ရဲ့သိက္ခာ၊ ပြည်ထောင်စုလွှတ်တော်တစ်ခုလုံးရဲ့သိက္ခာ၊ နိုင်ငံတော်ကြီးရဲ့သိက္ခာကိုပါ အလွန်ထိခိုက်မှုရှိပြီး မျက်နှာပန်း မလှစေသော အချက်ဖြစ်နေကြောင်းကို အထူးဆွေးနွေးစရာ မလိုပါ။ လွှတ်တော်ကိုယ်စားလှယ် တစ်ဦးအနေနဲ့ ကိုယ့်အခွင့်အရေး တောင်းခံရခြင်း မဟုတ်ပါ။ ကမ္ဘာ့အလယ်မှာ မြန်မာလွှတ်တော် ဆိုတာက စိတ်ဝင်စားမှု ရှိလာပြီဖြစ်တဲ့အလျောက် လွှတ်တော်သိက္ခာ၊ တိုင်းပြည်ရဲ့ သိက္ခာ အတွက် သော်လည်းကောင်း၊ လာမယ့် လွှတ်တော်သက်တမ်း အဆက်ဆက်အတွက်သော်လည်းကောင်း ဥပဒေပြုမဏ္ဍိုင်ကို ပြန်လည်စဉ်းစားသုံးသပ်ရန် အထူးလိုအပ်ပါတယ်လို့ ဆွေးနွေးလိုပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ကျွန်တော်တို့နိုင်ငံရဲ့ ပြည်ထောင်စုအဆင့် ချီးမြှင့်ငွေ နဲ့ အိမ်နီးနားချင်းနိုင်ငံများ၊ တိုင်းပြည်များအချို့ရဲ့ ချီးမြှင့်ငွေကိစ္စကို အနည်းအကျဉ်း နှိုင်းယှဉ် တင်ပြလိုပါတယ်။ တိုင်းပြည်တစ်ခုနဲ့တစ်ခု အုပ်ချုပ်ပုံ ဥပဒေတူညီမှု မရှိတဲ့အတွက် ပုံသေယူရမယ်လို့ မဆိုလိုပါ။ ဗဟုသုတအဖြစ် တင်ပြခြင်းဖြစ်ပါတယ်။ ဥပမာအားဖြင့် ကျွန်တော်တို့ မြန်မာနိုင်ငံဟာ ကျွန်တော်တို့ သမ္မတရဲ့လစာကို ကျွန်တော် မဆိုလိုပါဘူး။ ဝန်ကြီးလစာဟာ ကျွန်တော်တို့က သိန်း(၃၀) သတ်မှတ်ထားပါတယ်။ ကျွန်တော်တို့ လွှတ်တော်လစာဟာ ပြည်ထောင်စုလွှတ်တော်ဟာ (၃)သိန်း ဖြစ်ပါတယ်။ အဆအားဖြင့် (၁၀)ဆ ကွာပါတယ်။ ကျွန်တော်တို့ တခြားနိုင်ငံ အမေရိကန်နိုင်ငံကို ကျွန်တော်တို့ ကြည့်မယ်ဆိုရင် ကျွန်တော် သမ္မတတို့၊ ဒုတိယသမ္မတတို့ကို ကျွန်တော် အထူးမပြော ချင်တော့ပါဘူး။ အချိန်လည်း ငဲ့ညှာသောအားဖြင့် အမေရိကန်နိုင်ငံသမ္မတဟာ ဒေါ်လာ(၄)သိန်း ရပါတယ်။ ကျွန်တော်တို့ ဝန်ကြီးဟာ ဒေါ်လာ(၃၇၀၀၀၀) ရပါတယ်။ ဒါက ကျွန်တော်တို့ အဆောင်အယောင် အခြား Allowance မပါသေးပါဘူးခင်ဗျား။

အဲဒီတော့ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ် MP - Member of Parliament ဟာ ဒေါ်လာ (၁၇၄၀၀၀) ရပါတယ်။ အဲဒီတော့ ကျွန်တော်တို့ အမေရိကန်နိုင်ငံမှာ ဝန်ကြီးတစ်ပါးရဲ့ လစာဟာ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များရဲ့ လစာရဲ့ ငါးပုံတစ်ပုံလောက်ပဲ ရှိတယ်လို့ ကျွန်တော်တို့က လေ့လာတွေ့ရှိရပါတယ်။ ဒါက ကျွန်တော်တို့က Allowance လုံးဝမပါသေးပါဘူးခင်ဗျား။ နောက်တစ်ချက် အနေနဲ့ စင်ကာပူနိုင်ငံကိုကျွန်တော် ကြည့်မယ်ဆိုရင် သမ္မတ လစာဟာ တစ်သန်းနဲ့ တစ်သိန်း ရှိပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ဝန်ကြီးလစာဟာ (၈၅၀၀၀၀)လောက် ဒေါ်လာ ရှိပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ရဲ့ လစာဟာ (၁၄၈၀၀၀)လောက် ရှိပါတယ်။ အဆအားဖြင့် ကျွန်တော်တို့ တွက်မယ်ဆိုရင်တော့ ဝန်ကြီးလစာဟာ လွှတ်တော် ကိုယ်စားလှယ်ရဲ့ ငါးဆလောက်ရှိပါတယ်။

မလေးရှားနိုင်ငံကို သုံးသပ်မယ်ဆိုရင် ဝန်ကြီးလစာဟာ သူတို့ မလေးရှား ရင်းဂစ်နဲ့ (၁၄၉၀၇.၂၀) ရှိပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးရဲ့ လစာဟာ မလေးရှားငွေနဲ့ (၆၅၀၈.၅၉) ဖြစ်နေတဲ့အတွက် ဝန်ကြီးလစာရဲ့ သုံးပုံတစ်ပုံဟာ လွှတ်တော်ကိုယ်စားလှယ်ရဲ့ လစာဖြစ်နေပါတယ်။ ကျွန်တော်တို့အနား ကပ်နေတဲ့ Thailand နိုင်ငံကို ကြည့်မယ်ဆိုရင် ကျွန်တော်တို့ ဝန်ကြီးလစာဟာ

ဒေါ်လာ (၃၀၀၀၀) ရှိပါတယ်။ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်ရဲ့ လစာကတော့ ဒေါ်လာ(၄၀၀၀) ရှိပါတယ်။ ဒါလည်း သူတို့ လစာတိုးဖို့ ရရှိဖို့ကို သူတို့ လောလောဆယ် ပြောဆိုနေကြတာ ဖြစ်ပါတယ်။

နောက် အင်ဒိုနီးရှားနိုင်ငံကို ကျွန်တော်တို့ ကြည့်မယ်ဆိုရင် ကျွန်တော်တို့ ဝန်ကြီးလစာဟာ (၇)သန်းလောက် သူတို့ အင်ဒိုနီးရှားငွေနဲ့ ရှိပါတယ်။ MP — Member of Parliament လွှတ်တော်ကိုယ်စားလှယ်ရဲ့ လစာက (၆)သန်း ရှိပါတယ်။ အဲဒီတော့ အင်ဒိုနီးရှားမှာ သူတို့ ဝန်ကြီးရဲ့လစာဟာ လွှတ်တော်ကိုယ်စားလှယ်ရဲ့ တစ်ဆ (၁.၅)ဆလောက်ရှိတယ်လို့ သုံးသပ်ရမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ တခြားတိုင်းပြည်ရဲ့ အခြေအနေကို ကျွန်တော်တို့ တိုင်းပြည်နဲ့ နည်းနည်း ယှဉ်ပြီးတော့ ကျွန်တော် ဗဟုသုတအနေနဲ့ တင်ပြရခြင်း ဖြစ်ပါတယ်။ ဒီမှာ ကျွန်တော်တို့ ကြည့်လိုက်ရင် သူတို့နိုင်ငံရဲ့ သမ္မတလစာ၊ ဝန်ကြီးချုပ်လစာ ဆိုတဲ့ဟာက ကျွန်တော်တို့ မြန်မာနိုင်ငံမှာ အခု ကျွန်တော်တို့ ဥပဒေမှာ ပြဋ္ဌာန်းနေတဲ့ သိန်း(၅၀) ဆိုတဲ့ သမ္မတလစာဟာ ဒေါ်လာအနေနဲ့ (၅၀၀၀)လောက်ပဲ ရှိပါတယ်။ အဲဒီတော့ တခြားနိုင်ငံရဲ့ သမ္မတလစာ၊ ဝန်ကြီးချုပ်လစာနဲ့ ယှဉ်လိုက်ရင် အင်မတန်ကို နည်းပါတယ်လို့ တောင်မှ ပြောလို့ရတဲ့အဆင့် ရှိပါတယ်။

အဲဒီတော့ တခြား ခုန ကျွန်တော် တင်ပြသွားတဲ့ အာရှနိုင်ငံကို ကြည့်မယ်ဆိုရင် ကျွန်တော်တို့ ဝန်ကြီးလစာဟာ လွှတ်တော်ကိုယ်စားလှယ်လစာထက် များပြီးတော့ တချို့နေရာမှာ ခြောက်ဆ၊ တချို့နေရာမှာ ခုနှစ်ဆခွဲ၊ တချို့မှာ တစ်ဆခွဲလောက် ရှိတယ်လို့ ကျွန်တော်တို့ အကြမ်းအားဖြင့် သုံးသပ်လို့ရပါတယ်ခင်ဗျား။ ဒီအချက်အလက်တွေကို ကြည့်ခြင်းအားဖြင့် ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ ပြည်ထောင်စုလွှတ်တော်အဆင့်ဟာ အင်မတန် နိမ့်ကျပြီးတော့ အဘယ်ကြောင့် ဒီလို သတ်မှတ်ထားတယ် ဆိုတဲ့ မေးခွန်းဟာ အဖြေမရှိတဲ့ မေးခွန်းသာ ဖြစ်နေမှာ ဖြစ်ပါတယ်။ ယခုအချိန်က တိုင်းပြည်တိုးတက်မှု အတွက် တက်ညီလက်ညီဆောင်ရွက်ရမယ့် အချိန်ကာလ၊ တိုင်းရင်းသားအတွင်း ယုံကြည်မှု တည်ဆောက်တဲ့ကာလ၊ ပါတီပေါင်းစုံ တိုင်းရင်သားပေါင်းစုံနဲ့ ရင်ကြားစေ့ ရေးဆောင်ရွက်နေတဲ့ကာလ အစစ အရာရာတိုင်းမှာ ပူးပေါင်းဆောင်ရွက်နိုင်ရန် အလွန်အရေးကြီးတဲ့အချိန်ဖြစ်ပြီးတော့ ဘက်မညီမှု၊ သဘောထားကွဲလွဲမှုဟာ နိုင်ငံတော်တိုးတက်ရေးအတွက် မဟာရန်သူကြီး ဖြစ်နေတာကို သတိထား စေချင်ကြောင်း ဆွေးနွေးလိုပါတယ်။

နောက်တစ်ချက်အနေနဲ့ ကျွန်တော် ဆွေးနွေးချင်တာကတော့ ဥပဒေမှာ ပြဋ္ဌာန်းချက်အရ လစဥ်ချီးမြှင့်ငွေကို စဉ်းစားသုံးသပ်တဲ့အခါမှာ ဥပဒေသတ်မှတ်ထားတာ မရှိတဲ့ ပြည်သူ့ဝန်ထမ်းလောက ကိုပါ ချိန်လှပ်လို့ မရခဲ့တဲ့အချက်ကို ကျွန်တော်တင်ပြချင်ပါတယ်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီမှ ဖော်ပြထားတဲ့အတိုင်း ပြည်သူ့ဝန်ထမ်းရဲ့ အနိမ့်ဆုံးလစာဟာ တစ်သိန်းခွဲ သို့မဟုတ် လူတစ်ဦးချင်းရဲ့ဝင်ငွေ (Per Capital Income) ဟာ တစ်နှစ်လုံးမှာ ဆယ်သိန်းခန့်ကို လေ့လာကြည့်တဲ့အခါကျတော့ အမြင့်ဆုံးလစာနဲ့ အနိမ့်ဆုံးလစာဟာ အဆပေါင်း(၅၀)ခန့် ကွာနေတဲ့ဟာကို တွေ့ရမှာဖြစ်ပါတယ်။ ဒါကြောင့် ဒီအချက်ကိုလည်း ကျွန်တော်တို့ မစဉ်းစားလို့ မရတဲ့အချက်တစ်ချက် ဖြစ်လာဖို့ လိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အနေနဲ့ ကျွန်တော် ဆွေးနွေးလိုတာကတော့ နံပါတ်(၁)၊ နိုင်ငံတော် အတွင်း ရာထူးအဆင့်ဆင့်အပေါ်မှာ အဆင့် ဆိုတဲ့ Protocol သတ်မှတ်ပြီးတော့ ၎င်းအဆင့် သတ်မှတ်ချက်အတိုင်း လစဉ်ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်ကအစ သတ်သတ်မှတ်မှတ်

ရှိဖို့လိုလာပြီ ဆိုတဲ့အချက်ရယ်။ နံပါတ်(၂)၊ လွှတ်တော်ဥက္ကဋ္ဌ နှစ်ပါးမှ အစ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များရဲ့ ဂုဏ်သိက္ခာ၊ လွှတ်တော်ရဲ့ ဂုဏ်သိက္ခာ၊ နိုင်ငံတော်ရဲ့ ဂုဏ်သိက္ခာ၊ ပြန်လည်ဆယ်ယူဖို့အချိန် ဖြစ်နေပါပြီ။ မဏ္ဍိုင်(၃)ရပ်ကို ပြန်လည်သုံးသပ်ရေးကို အရေးကြီးတာကို တင်ပြလိုပါတယ်။ နံပါတ်(၃)အနေနဲ့ ပြည်သူ့ဝန်ထမ်းများရဲ့ လစာနဲ့စရိတ်ကို တစ်ချိန်တည်း ပြန်လည်စဉ်းစားသင့်ပါကြောင်း အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာကို ထောက်ခံရင်းနဲ့ နိဂုံးချုပ်အပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၂၈။**

**ဥက္ကဋ္ဌ။** ။ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀) မှ ဦးမြင့်ထွန်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၂၈။**

**ဦးမြင့်ထွန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)။** ။ လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးမြင့်ထွန်း ဖြစ်ပါတယ်။ အစီရင်ခံစာကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ အင်္ဂလိပ်စာလုံးလေးများ ပါသွားခဲ့ရင်လည်း ခွင့်ပြုပေးပါလို့ ဥက္ကဋ္ဌကြီးကို ကြိုတင်ခွင့်တောင်းခံအပ်ပါတယ် ခင်ဗျား။

ဥက္ကဋ္ဌကြီး ခင်ဗျား။ ဒီချီးမြှင့်ငွေ၊ စရိတ် အဆောင်အယောင်ကိစ္စတွေဟာ အင်မတန်မှ လေးနက်ပါတယ်။ တစ်နိုင်ငံလုံးကလည်း နားစွင့်နေကြပြီးတော့ တစ်နေ့က ပြည်သူ့အခြေခံတဲ့ တီဗွီတစ်ခုမှာလည်းပဲ ပြောသွားတာ တွေ့လိုက်မိပါတယ်။ အထူးသဖြင့် အောက်ခြေဝန်ထမ်းတွေနဲ့ အခြေခံအလုပ်သမားတွေ၊ ပြည်သူတွေအတွက် သူတို့ တော်တော်လေး ပြောဆိုသွားပါတယ်။ သမ္မတရဲ့ လစာနဲ့လည်း နှိုင်းယှဉ်သွားတာ တွေ့ရပါတယ်။ အောက်ခြေဝန်ထမ်းတွေ အိမ်ခန်းလခ၊ အိမ်ငှားဖို့ကိစ္စ၊ ကုန်ကျစရိတ်တွေအဆုံး တော်တော်လေးလည်း လုံးပန်းနေရတယ် ဆိုတာကိုလည်း ပြောသွားပါတယ်။ ဒါတွေကို ကြားပြီးတော့ ကျွန်တော်လည်း ဝမ်းနည်း၊ ဝမ်းသာ (၂)မျိုး ခံစားမိပါတယ်။ ဝမ်းနည်းမိတာကို အရင် တင်ပြရမယ်ဆိုရင် ကျွန်တော်တို့ ပြည်သူအများစုဟာ ခေတ်အဆက်ဆက် ဘဝမျိုးစုံမှာ အကြောင်းအမျိုးမျိုးနဲ့ ရုန်းကန်လှုပ်ရှားနေကြရပါတယ်။

အထူးသဖြင့် ပြည်ပနိုင်ငံတွေမှာ မျက်နှာငယ်ငယ်နဲ့ လုပ်နေ၊ ကိုင်နေကြရတာတွေလည်း အများကြီး ရှိပါတယ်။ တာဝန်ရှိသူတွေကလည်းပဲ ဆင်းရဲမှုလျှော့ချရေးအတွက် အထူးပဲ အာရုံစိုက်ကြပါတယ်။ Campaign တွေ လုပ်တယ်။ ဆွေးနွေးပွဲတွေ လုပ်တယ်။ စီးပွားရေးဖိုရမ်တွေ လုပ်တယ်။ စီမံချက်တွေချ၊ ဌာနတွေ တိုးချဲ့ဖွင့်လှစ်၊ သမ္မတကြီးကိုယ်တိုင် နိုင်ငံတကာနဲ့အဆင်ပြေအောင် ဆက်ဆံရေးတွေ တိုးမြှင့်၊ လွှတ်တော်ကလည်းပဲ ဒီမိုကရေစီပြောင်းလဲရေးအတွက် ပြည်သူ့အခြေခံတဲ့ ဥပဒေတွေ ဆွဲ၊ တစ်ခါနိုင်ငံတော်ကလည်း အမျိုးသားရေးရင်ကြားစေ့ ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေကို ဘယ်ခေတ်နဲ့မှ မတူအောင်လုပ်၊ အဖွဲ့ပေါင်းစုံနဲ့ သဘောထားတွေ မတူ တူအောင် ညှိနှိုင်း၊ ခဏခဏ ဆွေးနွေး၊ နှစ်ပေါင်း(၆၀)ကျော် ညီအစ်ကိုတွေ တိုက်ကြခိုက်ကြ၊ သေကြေခဲ့ကြတာတွေ၊ မြေဇာပင်ဖြစ်တဲ့ ပြည်သူတွေ သေကြကြေကြနဲ့ ဒုက္ခပင်လယ်ဝေခဲ့တာတွေ ဒါတွေကို သင်ခန်းစာယူပြီးတော့ နိုင်ငံတော်ကြီး

အေးချမ်းအောင် ကျွန်တော်တို့ ညီအစ်ကိုတွေ အကြိမ်ကြိမ် အထပ်ထပ် တွေ့ကြဆုံကြ ပြောကြဆိုကြနဲ့ အပင်ပန်းခံပြီးတော့ လုပ်နေကြပါတယ်။

ငြိမ်းချမ်းရေးတင် မကဘဲနဲ့ Policy တွေ၊ System တွေပါ ပြောင်းနေရပါတယ်။ နိုင်ငံရေး၊ စီးပွားရေး တစ်ပြိုင်တည်း ပြောင်းနေရပါတယ်။ Sector တစ်ခုတည်း လုပ်လို့ မရပါဘူး။ ဘက်စုံ၊ အကွက်စုံ၊ ထောင့်စုံအောင် လုပ်နေရပါတယ်။ System Change, Institutionally Change ဒါတွေဟာ မလုပ်လို့လည်း မရပါဘူး။ တာဝန်ရှိသူတွေလည်း တော်တော်လေး စိတ်ရော၊ လူရော ပင်ပန်းကြပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဘာပဲပြောပြော နိုင်ငံတော်ဟာ အရင်ထက်စာရင် အကောင်းဘက်ကို တော်တော်လေးတော့ ရွေ့ရှုနေပြီလို့မြင်ပါတယ်။ ဒီမိုကရေစီ လမ်းကြောင်းကို ဦးတည်နေပါပြီ။ ဒါပေမဲ့ အခုချိန်ဟာ ဒီမိုကရေစီ Practice လည်း မခိုင်မြဲသေးပါဘူး။ အင်မတန် အရေးကြီးတဲ့ Critical Point၊ ဒီအချိန်ဟာ အားလုံးညီညွတ်ကြရမယ့်အချိန် ဖြစ်ပါတယ်။ ဒီလောက် အရေးကြီးနေတဲ့ကာလမှာ အပြစ်တွေ၊ အနာအဆာတွေ ရှာကြံပြောလာကြတာတွေလည်း တွေ့ရပါတယ်။ တစ်ဦးနဲ့ တစ်ဦး ပုတ်ခတ်နေတာတွေလည်း တွေ့ရပါတယ်။ အဖျက်အမှောင့် တချို့လည်း ဝင်ဝင်လာတာ တွေ့ရပါတယ်။ ဒါဟာ ဘာကြောင့်လဲ။ အားလုံးညီညွတ်ကြရင် မကောင်းဘူးလား။ အားလုံး တစ်ညီတစ်ညာတည်း ရုန်းထလိုက်ကြရင် နိုင်ငံတော်ကြီး တိုးတက်အောင်မြင်သွားမှာ မဟုတ်ဘူးလား။ Negative Thought တွေဖြစ်တဲ့ ဒီအနုတ်လက္ခဏာတွေပဲ မြင်နေ၊ တွေ့နေကြမယ်ဆိုရင်၊ အနုတ်လက္ခဏာတွေကိုပဲ ဝေဖန်နေကြမယ်ဆိုရင် ဘယ်လိုမှ အောင်မြင်နိုင်မှာ မဟုတ်ပါဘူးလို့ မြင်ပါတယ်။ ပြောဆိုနေကြတာတွေ၊ ဝေဖန်နေကြတာတွေ ၊ ရေးသားနေကြတာတွေဟာ အများစုက Negative ဖြစ်တဲ့ အနုတ်လက္ခဏာကိုပဲ အားသန်နေကြတယ်ဆိုတာကိုလည်း သတိထားမိကြမှာ ဖြစ်ပါတယ်။

အစိုးရက ဘယ်လို၊ လွှတ်တော်က ဘယ်လို၊ တရားရေးက ဘယ်လို စသဖြင့် ပြောဆိုနေကြတာ၊ အပြစ်တင် ဝေဖန်နေကြတာတွေကတော့ လွယ်ပါတယ်။ တစ်ဖက်က အားနည်းချက်တွေ ရှာသလို၊ တစ်ဖက်ကလည်းပဲ ဒီနေ့ ငါ့နိုင်ငံ၊ ငါ့မြို့၊ ငါ့ရွာ တိုးတက်ဖို့အတွက် ကောင်းတာလေးတစ်ခုလောက် ငါ ဘာလုပ်မလဲ။ ငါ့မြို့၊ ငါ့ရွာ၊ ငါ့ရပ်ကွက် တိုးတက်ဖို့အတွက် တတ်နိုင်တဲ့ဘက်က ငါ အထောက်အကူလေး တစ်ခု ဒီနေ့ လုပ်ပေးလိုက်ရင်ကောင်းမယ်၊ ဒီလိုမျိုး တွေးပေးစေချင်ပါတယ်။

ဒီလို တွေးပြီးတော့မှ Positive ဖြစ်တဲ့ အပြုဘက်ကို အကောင်အထည်လေး ဖော်လိုက်မယ်ဆိုရင် တကယ်လုပ်နေတဲ့သူတွေလည်း အားရှိမယ်။ ကိုယ်လည်းစိတ်ချမ်းသာမယ်။ Negative အမြင်တွေ၊ အနုတ်လက္ခဏာသမားတွေ များနေရင် နိုင်ငံတော်တိုးတက်ဖို့ဆိုတာဟာ ထင်သလောက် ခရီးမပေါက်နိုင်ဘူးလို့ ထပ်ပြီးတော့ ပြောပါရစေ။ အပြုသဘော ဆောင်ကြပါဦးလို့လည်း ပြောပါရစေ။ ဒါကို ခုလို ပြောနေရတာကိုပဲ ကျွန်တော် ဝမ်းနည်းမိတာပါ။ ကျွန်တော်တို့ မမွေးခင်ကတည်းက သေနတ်သံတွေ၊ ဗုံးသံတွေ တညံညံနဲ့ ဖြတ်သန်းခဲ့ရတဲ့ ကျွန်တော်တို့နိုင်ငံတော်ကြီးဟာ အခုဆို ဖွံ့ဖြိုးတိုးတက်ဖို့ အချိန်တန်နေပါပြီ။ ကျွန်တော်တို့လည်းပဲ အသက်တွေကြီးပါပြီ။ မသေခင် တိုးတက်တာလေးတွေ မြင်လိုပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီး ခင်ဗျား။ ဝမ်းသာတာလေး ပြောပါရစေ။ နဂိုကတည်းကမှ ဥပဒေထဲမှာ သမ္မတရဲ့လစာကို ဥပဒေအတိုင်းယူဖို့ သတ်မှတ်ပေးထားပြီး ဖြစ်ပါတယ်။ သူများနိုင်ငံခေါင်းဆောင်တွေနဲ့စာရင် လစာဟာ အင်မတန်မှ နည်းပါတယ်။ ဒါကို နိုင်ငံစီးပွားရေး အခြေအနေ၊

ပြည်သူတွေရဲ့ ဆင်းရဲနွမ်းပါးမှု အခြေအနေ၊ ဒါတွေကိုသိလို့ လူတစ်ဦးချင်းရဲ့ဝင်ငွေ အချိုးအစားကို ကိုယ်ချင်းစာလို့ ကိုယ်တိုင်လည်း ဘဝကို ကြမ်းကြမ်းတမ်းတမ်း ရင်းခဲ့ရလို့ အောက်ခြေက ရုန်းကန်ရလို့ အောက်သက်ကြေခဲ့လို့ အတွေ့အကြုံတွေ များခဲ့လို့ သမ္မတကြီးက မယူရက်ပါဘူး။ မယူလည်း မယူပါဘူး။ (၁၅)သိန်းပဲ ယူပါတယ်။ ဘယ်သူ့တိုက်တွန်းချက်မှ မပါဘဲနဲ့ တစ်လကို (၃၅)သိန်း လျှော့ယူခဲ့ပါတယ်။ အဲဒီလို လျှော့ယူလာတာ သုံးနှစ်ကျော်လာပါပြီ။ ကျွန်တော်တို့ သုံးနှစ်ပဲ ထားပြီးတော့ တွက်ကြည့်မယ်ဆိုရင် သမ္မတတစ်ဦးတည်းက သိန်း(၁၂၆၀) နိုင်ငံတော်အတွက် လှူလိုက်ပြီ ဆိုတဲ့ သဘောတွေ့ရပါတယ်။ ချွေတာလိုက်တဲ့သဘော တွေ့ရပါတယ်။ သမ္မတက မယူတော့ အောက်ကအဆင့်တွေကလည်း အလိုလို လျှော့ယူကြရပါတယ်။ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်တွေ အားလုံး လျှော့ယူကြတဲ့ ကိန်းဂဏန်း တွက်ချက်လိုက်ရင် နိုင်ငံတော်ကို သုံးနှစ်အတွင်း သန်းပေါင်းများစွာ ချွေတာပေးခဲ့ပြီးပါပြီ။ ဒါ ခေါင်းဆောင်ကောင်းတစ်ယောက်ရဲ့ နိုင်ငံပေါ်ထားတဲ့ စေတနာပါ။ ခေါင်းဆောင်ကောင်းတစ်ယောက်ရဲ့ နိုင်ငံပေါ်ထားတဲ့ မေတ္တာပါ။ ဒီမှာ ပေါ်နေပါပြီ။ ဒါသမိုင်းရဲ့ မှတ်တမ်း တစ်ခုပါ။ ဒီလို ခေါင်းဆောင်မျိုးကို နိုင်ငံတကာကလည်း ချီးကျူးနေပါတယ်။ အကြွေးတွေ လျော့ပစ်တဲ့အပြင် ငွေကြေးတွေပါ ထောက်ပံ့ကြပါတယ်။ မဖြစ်စလောက် အတိုးနဲ့ ငွေတွေ ချေးပေးကြပါတယ်။ ဒါ ကျွန်တော် ဝမ်းသာမိတာပါ။ မင်္ဂလာလည်း အင်မတန် ရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဲဒီတော့ ကျွန်တော်တို့တစ်တွေ ထွေထွေထူးထူး ပြောမနေကြဘဲနဲ့ ကိုယ့်နိုင်ငံ ခေါင်းဆောင်ရဲ့ ဆုံးဖြတ်ချက်အတိုင်း၊ ကိုယ့်အစိုးရရဲ့ ဆုံးဖြတ်ချက်အတိုင်းပဲ လိုက်နာသင့်ပါကြောင်း မေတ္တာ၊ စေတနာရှေ့ထားလို့ အဆောင်အယောင်ဥပဒေကြမ်းနဲ့ ပတ်သက်ပြီးတော့ တင်ပြလိုပါတယ်။

ကျွန်တော် နိဂုံးချုပ်ပါ့မယ်ခင်ဗျား။ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး မဏ္ဍိုင်ကြီး (၃)ရပ် ရေရှည်မှာ ဟန်ချက်ညီဖို့ဆိုတာဟာ ဒီစရိတ်နဲ့ အဆောင်အယောင် ဥပဒေကြမ်းဟာ အင်မတန်မှ အရေးကြီးပါတယ်။ သမ္မတကြီးကိုလည်း ကျွန်တော်တို့အားလုံးအပါအဝင် ပြည်သူတွေကလည်း ယုံကြည်ပြီး ဖြစ်ပါတယ်။ ဒါကြောင့်မို့ ဒီကိစ္စအတွက် အစိုးရအဖွဲ့ကပဲ ကော်မရှင်တစ်ခု ဖွဲ့ပြီးတော့ နိုင်ငံတကာရဲ့ အခြေအနေကို လေ့လာစေပြီးတော့မှ မြန်မာနိုင်ငံ အခြေအနေနဲ့ လိုက်လျောညီထွေဖြစ်စေဖို့ အချိန်ယူစဉ်းစား ဆုံးဖြတ်သင့်ပါကြောင်း အကြံပြုလိုပါတယ်။ ပြည်သူတွေကို ကိုယ်စားပြုနေကြတဲ့ လွှတ်တော်ကိုယ်စားလှယ်တွေ အနေနဲ့လည်း ကိုယ့်အခွင့်အရေးကိုယ် တောင်းဆိုဖို့ ဆိုတာဟာ အင်မတန်မှကို ပြောရခက်နေပါတယ်။ ကိုယ်စားလှယ်တွေရဲ့ ချီးမြှင့်ငွေတိုးပြီး မရသေးပေမယ့်လည်း အခွန်ငွေကောက်တာကိုလည်း ကျွန်တော်တို့ သဘောတူကြပါတယ်။ ပုံမှန်ငွေ မဟုတ်တဲ့ စရိတ်အပေါ်မှာတော့ ကောက်ခံဖို့မသင့်ပါကြောင်း မိကျောင်းမင်း ရေခင်းပြ မဟုတ်ဘဲနဲ့ ပညာရှိ သတိဖြစ်ခဲ့ဖြစ်မှာစိုးလို့ ကျွန်တော့် သဘောထားလေး ပေးလိုပါတယ်။ အခု မဏ္ဍိုင်ကြီး(၃)ရပ်စလုံး ပြည်ထောင်စု အဆင့်တွေ ခံစားနေကြတဲ့ ချီးမြှင့်ငွေ၊ စရိတ်နဲ့ အဆောင်အယောင်တွေကို အခုလက်ရှိအတိုင်းပဲ ယာယီထားရှိပြီးကာမှ ဒီဥပဒေကြမ်းကို အလောတကြီး မဟုတ်ဘဲ လုံလောက်တဲ့ အချိန်ကာလတစ်ခု သတ်မှတ်ပြီးတော့ ပြင်ဆင်ကြမယ်ဆိုရင်လည်းပဲ သင့်တော်မယ်လို့ ထင်မိပါကြောင်း ဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၃၇။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယနေ့ဆွေးနွေးတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များရဲ့ ဆွေးနွေးချက်များဟာ ယနေ့ခေါင်းစဉ် ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ ချီးမြှင့်ငွေ၊ စရိတ်နဲ့ အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း ဆိုသော်လည်း ဥပဒေကြမ်း(၅)ခုလုံးကို ခြုံငုံမိတယ်လို့ ယူဆပါတယ်။ ဒီဥပဒေတွေဟာ သီးခြားဥပဒေတွေ ဖြစ်သော်လည်း တစ်ပေါင်းတည်း ပြန်လည်ကြားနာလို့ရတဲ့ကိစ္စလည်း ဖြစ်ပါတယ်။ ဒါကို ဆက်ပြီးတော့ ဥပဒေကြမ်းခေါင်းစဉ် တစ်ခုချင်းအလိုက် ဆွေးနွေးမယ့်အစားကို ဥပဒေကြမ်းကော်မတီက အုပ်ချုပ်ရေး အဖွဲ့အစည်းက တာဝန်ရှိတဲ့ပုဂ္ဂိုလ်များပါ ဖိတ်ပြီးတော့ ဒီကနေ့ ဆွေးနွေးတဲ့ လွှတ်တော် ကိုယ်စားလှယ် များ၊ အခြားဥပဒေများ ခေါင်းစဉ်နဲ့ ဆွေးနွေးဖို့ အမည်စာရင်း ပေးထားတဲ့ လွှတ်တော်ကိုယ်စားလှယ် များအားလုံးကို ကြားနာလိုက်ပါ။ ကြားနာပြီးတဲ့အခါမှာ ပြန်လည်တင်ပြတဲ့၊ အဆုံးအဖြတ် ယူတဲ့အခါ မှာတော့ သီးခြားစီဖြစ်တဲ့အတွက် ဥပဒေ တစ်ခုချင်း၊ ပုဒ်မ တစ်ခုချင်း ပြန်တင်ပြဖို့ ဆုံးဖြတ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အစည်းအဝေး (၂၅)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် (၂၆)ရက်မြောက်နေ့ ကျင်းပမည့်နေ့ရက်နှင့် အချိန်ကိုကြေညာခြင်း

**အချိန်၊ ၁၂း၃၀။**

**ဥက္ကဋ္ဌ**။ ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခု အမျိုးသား လွှတ်တော် နဝမပုံမှန် အစည်းအဝေး (၂၅)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသား လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၂၆)ရက်မြောက်နေ့ကို ၂၀၁၄ ခုနှစ်၊ မတ်လ ၁၇ ရက် (တနင်္လာနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည် ဖြစ်ကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး**။ ။အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။ ။အားလုံး ပြန်လည်ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး (၂၅) ရက်မြောက်နေ့ အစည်းအဝေးကို နေ့လယ် ၁၂း၃၀ နာရီအချိန်တွင် ရပ်နားပါသည်။]

## (သီးသန့်)ထုတ်ရန် အတွက်သာ

**အချိန်၊ ၁၀း၂၈။**

**ဥက္ကဋ္ဌ။** ။ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှဒေါက်တာအေးမောင် ဆွေးနွေးနိုင်ပါပြီ။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၈။**

**ဒေါက်တာအေးမောင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ကြွရောက်လာကြတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော် ရခိုင်မဲဆန္ဒနယ်အမှတ်(၁)က ဒေါက်တာအေးမောင် ဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီ ဆွေးနွေး ကြတဲ့ ပုဂ္ဂိုလ်တွေကို ကြည့်တဲ့အခါမှာ ကျွန်တော်တို့ တိုင်းရင်းသားတွေ များနေတာကို တွေ့ပါတယ်။ တစ်မြန်နေ့က ကျွန်တော်တို့ရဲ့ ဒီ နိုင်ငံရေးပါတီ မှတ်ပုံတင်ခြင်း ဥပဒေကို ဆွေးနွေးတဲ့အခါမှာလည်းပဲ တိုင်းရင်းသားတွေများတာကို တွေ့လို့ ကျေးဇူးတင်ပါတယ်။ ဒီ ဥပဒေတွေက ကျွန်တော်တို့ ပြန်လှန်သုံးသပ်ကြည့်မယ်ဆိုရင် ၂၀၀၈ ဖွဲ့စည်းပုံ အတူ ဖွားဖက်အဖြစ်ပါလာတဲ့ ဥပဒေပေါင်းများစွာအထဲက အဆောင်အယောင် ခံစားခွင့်နဲ့ ပတ်သက်တဲ့ ဥပဒေဖြစ်တဲ့အခါမှာ တစ်နိုင်ငံလုံးကလည်း စိတ်ဝင်စားမှာဖြစ်သလို သတင်းမီဒီယာသမားတွေကလည်း စိတ်ဝင်စားပါတယ်။

ဒါပေမယ့်လို့ ကျွန်တော်တို့ ခုန ဦးဗညားအောင်မိုး တင်ပြခဲ့သလိုပါပဲ။ ပြည်သူ့ကိုယ်စားလှယ်တွေရဲ့ တာဝန်ကတော့ဖြင့် ကျွန်တော်တို့ရဲ့လာမယ့် လွှတ်တော်ပေါင်းများစွာအတွက် ၂၀၀၈ ဖွဲ့စည်းပုံ ကို ကျွန်တော်တို့တစ်နိုင်သလောက် ပြုပြင်ပြောင်းလဲဖို့ ကြိုးစားနေတဲ့ကာလမှာ ဒီ ဥပဒေကြီးတွေနဲ့ အတူ ချိတ်နိုင်အောင် ကျွန်တော်တို့ရဲ့လာမယ့် သက်တမ်း(၂)နှစ်လောက် အတွက်ထက်လာမယ့် သက်တမ်းပေါင်းများစွာအတွက် ရဲရဲဝံ့ဝံ့ပြင်ရမယ့် ကျွန်တော်တို့ရဲ့ ဒီနိုင်ငံသား ပြည်သူအားလုံး စိတ်ဝင်စားတဲ့ အဆောင်အယောင်နဲ့ ပတ်သက်တဲ့ ဥပဒေဖြစ်တဲ့အခါမှာ ဒေါက်တာ ဦးဗညားအောင်မိုး ပြောသလိုပါပဲ ကျွန်တော်တို့ Protocall ကိုစီဖို့ လိုအပ်မှာဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ဒီ အဆောင်အယောင်ဆိုင်ရာ ဥပဒေတွေကို ပြန်ကြည့်တဲ့အခါမှာ ပြည်ထောင်စုအဆင့်နဲ့ ပတ်သက်တာ တစ်ခြား၊ အောက်ဆုံးမှာရှိတဲ့ လွှတ်တော်ကဏ္ဍနဲ့ ပတ်သက်တာတွေ အကုန်လုံးဟာ ကျွန်တော်တို့ ပြီးခဲ့တဲ့ ခေတ်ရဲ့ အုပ်ချုပ်မှု မဏ္ဍိုင်ပြုတဲ့ အခြေအနေကို ကျွန်တော်တို့ သုံးသပ်ကြရမှာ ဖြစ်ပါတယ်။

အဲဒီတော့ အုပ်ချုပ်မှု မဏ္ဍိုင်ပြုပြီး နှစ်ပေါင်းများစွာ အုပ်ချုပ်လာတဲ့ ခေတ်တစ်ခုကနေ ဒီမိုကရေစီဆိုတဲ့ လူထုပါဝင်တဲ့ ခေတ်ကို ပြောင်းတဲ့အခါမှာ လွှတ်တော်တွေရဲ့ အခန်းကဏ္ဍ၊ လွှတ်လပ် စွာ တရားစီရင်မှုဆိုတဲ့ တရားစီရင်ရေးကဏ္ဍတွေဟာ ပြန်လှန်သုံးသပ်လို့ရှိရင် နောက်တန်းမှာ နည်းနည်းလေးရောက်နေတာကို သုံးသပ်တွေ့ရှိရမှာ ဖြစ်ပါတယ်။ အဲဒါကြောင့် ကျွန်တော်တို့ ရှေ့တန်း ကို ပြန်တက်လာနိုင်အောင် ကျွန်တော်တို့ရဲ့ ဒီမိုကရေစီခေတ်ဦးမှာ မဏ္ဍိုင်ကြီး(၃)ရပ်ကို ထိန်းညှိဖို့ အတွက် ပွင့်ပွင့်လင်းလင်းပြောရင် ကျွန်တော်တို့လွှတ်တော်မှာတာဝန် ရှိလာပါတယ်။ ဆိုတော့ ကျွန်တော်တို့

ဥပဒေကြမ်းကော်မတီ၊ အမျိုးသားလွှတ်တော်ရဲ့ ကျွန်တော်တို့ သုံးသပ်ချက်ကို ပြန်ကြည့် တဲ့အခါမှာ ပွင့်ပွင့်လင်းလင်းပြောလို့ရှိရင် နောက်ကို ခြေလှမ်းနှစ်လှမ်းလောက် နောက်ပြန်ဆုတ်နေပါ တယ်။

ကျွန်တော်တို့ သုံးသပ်ချက် (၂)ခုကို တွေ့ပါတယ်။ နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်မှု အခြေအနေ နဲ့ လျော်ညီမှုရှိ/မရှိ ပြန်လည်သုံးသပ်ရန် လိုပါတယ်ဆိုတာ (၁)ချက်ပါ။ နောက် သာမန်ပြည်သူများနဲ့ အခြေခံဝန်ထမ်းများ၏ ဝင်ငွေနှုန်းထား၊ လူနေမှု အဆင့်အတန်းတို့နဲ့ ကွာဟချက်ကြီးမားနေခြင်းကို ပြန်လှန်သုံးသပ်ရန်လိုတယ်ဆိုတဲ့ သုံးသပ်ချက်(၂)ခု၊ နောက် ပြဋ္ဌာန်းရန် လိုအပ်တဲ့ အကြံပြုချက် တစ်ခု ကတော့ဖြင့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးကဏ္ဍ အသီးသီးမှ ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ သည် ကဏ္ဍ(၃)ရပ်စလုံးနဲ့ ပတ်သက်နေလို့ ဖြစ်နိုင်သမျှ ညီညွတ်မှုရှိအောင် ပြင်ဆင်ပြဋ္ဌာန်းပေးဖို့ လိုတယ်လို့ သုံးသပ်ချက်ပါ။ အဲဒီဟာလေးတွေကို ပြန်ကြည့်လို့ရှိရင် ခုနက ဒေါက်တာ ဦးဗညား ညွှန်ပြ တဲ့ Protocall ဆိုတဲ့ ပြည်ထောင်စုအဆင့်ဆိုတဲ့ တန်းစီဇယားတွေကို ပြန်လှန်သုံးသပ်ဖို့ ဒီနေ့ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေမှာ ထည့်သွင်းစဥ်းစားဖို့ လိုအပ်လာပါတယ်။ ဆိုတော့ ကျွန်တော်တို့ ဒီဘက်မှာလည်းပဲ ဖော်ပြထားခဲ့တာ ရှိပါတယ်။ ဒုတိယသမ္မတများနှင့် ကျွန်တော်တို့ရဲ့ အုပ်ချုပ်မှုမဏ္ဍိုင်မှ ပုဂ္ဂိုလ်များ၊ ဒီဘက်က ဥပဒေပြု မဏ္ဍိုင်က ကျွန်တော်တို့ရဲ့ ဒီ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးအပါအဝင် တရားစီရင်ရေးကဏ္ဍက ပြည်ထောင်စုတရားသူကြီးချုပ်တို့ရဲ့ လစာနှုန်းထားဟာ အဆောင်အယောင် နဲ့တကွ ချီးမြှင့်ငွေအားလုံးကို တတ်နိုင်သလောက်တူညီအောင် ဆောင်ရွက်ပေးသင့်တယ်ဆိုတဲ့ အယူအဆ ဟာ အင်မတန်သင့်လျော် ထောက်ခံပါတယ်။

ဆိုတော့ ကျွန်တော်တို့ ဒီ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များရဲ့ အဆောင်အယောင်တွေကို စဥ်းစားတာနဲ့ ခုနကျွန်တော်တို့ရဲ့ ဒီ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီရဲ့ အကြံပြုချက်မှာ ပါတဲ့အတိုင်း ကျွန်တော်တို့ ဒီ နိုင်ငံတော်တစ်ခုလုံးကို ပြန်စဥ်းစားဖို့ လိုလာပါတယ်။ အပေါ်ထပ်မှာရှိတဲ့ ခုနက အုပ်ချုပ်မှု၊ တရားစီရင်မှု၊ ခုနက ဥပဒေပြုမှုဆိုတဲ့ အပေါ်ထပ်မှာရှိတဲ့ နိုင်ငံတော်ရဲ့ အမြင့်ဆုံး အဆင့်မှာရှိတဲ့ ပုဂ္ဂိုလ်တွေရဲ့ လစာနှုန်းထားတွေကို စဥ်းစားတဲ့အခါမှာ နိုင်ငံရဲ့ လူမှုစီးပွားဘဝကို စဥ်းစားသုံးသပ်ပြီးကာမှ အောက်ခြေအဆင့် သာမန်လူထုရဲ့ဝင်ငွေ၊ တစ်နှစ်ဝင်ငွေ၊ ဒီ့အပြင် နိုင်ငံ့ဝန်ထမ်း တွေရဲ့ လစာနှုန်းထား၊ နိုင်ငံကို အုပ်ချုပ်မှုယန္တရားက ကြီးကြပ်အုပ်ချုပ်နေတဲ့ အဖွဲ့အစည်း အသီးသီး ရဲ့ ဖွဲ့စည်းမှု၊ ဒီ ဖွဲ့စည်းမှုနဲ့အတူ နိုင်ငံ့ဝန်ထမ်းများရဲ့ လစာနှုန်းထားတွေဟာ ဆီလျော်မှု ရှိရဲ့လား။ တစ်ပြိုင်ထဲ နိုင်ငံ့ဝန်ထမ်း ပြင်ပမှာရှိတဲ့ ကုမ္ပဏီဝန်ထမ်းတွေ၊ တစ်ခြားနိုင်ငံတကာ အဖွဲ့အစည်း တွေမှာလုပ်တဲ့ ဝန်ထမ်းတွေ၊ UN အပါအဝင်တစ်ခြား ကုလသမဂ္ဂအဖွဲ့အစည်းမှာရှိတဲ့ ဝန်ထမ်းတွေရဲ့ နှုန်းထားတွေဟာ ကျွန်တော်တို့ နိုင်ငံဝန်ထမ်းတွေရဲ့ ဂုဏ်ယူဖွယ်ဖြစ်တဲ့ လစာနှုန်းထား ဖြစ်ရဲ့လား။ ဒါတွေကို ကျွန်တော်တို့ ပြန်ပြန်လှန်လှန် သုံးသပ်ဖို့ လိုအပ်လာပါတယ်။ အဲဒီတော့ ခုနက နိုင်ငံတော် သမ္မတကြီးရဲ့ လစာနှုန်းထားကို ကြည့်တဲ့အခါမှာ သိန်း(၅၀)ဆိုတာ ကနဦး ၂၀၀၈ ဖွဲ့စည်းပုံနဲ့ ပါလာတဲ့ ခု အဆောင်အယောင်ဆိုင်ရာ ဥပဒေရဲ့ အဆိုပြုချက်ပါ။ ဆိုတော့ ကျွန်တော် F.A.O အဖွဲ့အစည်းမှာ လုပ်ဖူးပါတယ်။ C.D.A ဟို Chief Technical Adviser လို့ ခေါ်ပါတယ်။ သူရဲ့ တစ်လဝင်ငွေဟာ US ဒေါ်လာ(၁၅၀၀၀)ရှိပါတယ်။ ပွင့်ပွင့်လင်းလင်းပြောရင် သိန်း(၁၅၀)ရှိပါတယ်။ အဲဒီတော့ ကျွန်တော်တို့ နိုင်ငံရဲ့ နိုင်ငံတော်အကြီးအကဲဖြစ်တဲ့ နိုင်ငံတော်သမ္မတကြီးတစ်ဦးရဲ့လစာဟာ သိန်း(၅၀)ဆိုတာ ဒေါ်လာ (၅၀၀၀)လောက်ပဲ ရှိပါတယ်။

အဲဒီတော့ ဒီဥစ္စာနဲ့ ပတ်သက်လို့ အာဆီယံ၊ ခုနက (၁၀)နိုင်ငံရဲ့ ဥက္ကဋ္ဌကြီးလည်း ဖြစ်နေတဲ့ ကာလမှာ နိုင်ငံတော်ရဲ့အကြီးအကဲတစ်ဦးကို ကျွန်တော်တို့က ချီးမြှင့်ဂုဏ်ပြုအပ်တဲ့ အဆောင် အယောင် အထိမ်းအမှတ်အနေနဲ့ ပေးအပ်သင့်တဲ့ လစာနှုန်းထားဟာ နည်းများနည်းနေသလား။ ဒီ ထက်မက တိုးပေးသင့်တဲ့ အခြေအနေရှိသလား။ ဒါ နိုင်ငံတော်မှာ အကြီးအကဲ တစ်ဦးတည်းသော ပုဂ္ဂိုလ်ဖြစ်နေတဲ့ သဘောပါ။ အဲဒီအခါမှာ ခုနတုန်းက ကျွန်တော်တို့ရဲ့ ဥပဒေပြုမှု မဏ္ဍိုင်၊ တရား စီရင်ရေးမဏ္ဍိုင်၊ အုပ်ချုပ်ရေးမဏ္ဍိုင်နဲ့ ပတ်သက်တဲ့ ထိန်းညှိနိုင်ကြရမယ့် ကျွန်တော်တို့ရဲ့ မဏ္ဍိုင်ကြီး (၃)ရပ်ကို ပေးတဲ့ လက်ရှိလစာနှုန်းထားကိုက ကျွန်တော်တို့ဟာ ထိန်းညှိပေးဖို့မလိုဘူးလား။ ဆိုတဲ့ အခါမှာ ကျွန်တော်တို့ ခုနက Protocall တန်းစီဇယားမှာ တစ်စုံတစ်ခုတော့ သတ်မှတ်ပေးဖို့ လိုအပ် လာပါတယ်။ အဲဒီလိုပါဘဲ ကျွန်တော်တို့ရဲ့ ပြည်ထောင်စုလွှတ်တော်ထဲမှာပါတဲ့ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တွေ၊ ဒီအထဲကတစ်ခါခုနက အမြဲတမ်းကော်မတီ၊ ကော်မရှင် စသဖြင့် ဖွဲ့စည်းထားတဲ့ အဖွဲ့အစည်းတွေ နောက် ပြည်နယ်၊ တိုင်းဒေသကြီး လွှတ်တော်မှာရှိတဲ့ အမတ်တွေ၊ နောက်ပြည်နယ်ဝန်ကြီးချုပ်တွေ၊ နောက် ပြည်နယ် ခုနက လွှတ်တော်ရဲ့ ဥက္ကဋ္ဌကြီးတွေ ဆိုတဲ့အခါမှာ ဒီကဏ္ဍအကုန်လုံးကို ပြန်ပြီး ခွဲခြမ်းစိတ်ဖြာပြီးအခါမှာ ပြည်ထောင်စုအဆင့်၊ ခုနက တန်းစီဇယားတစ်ခုကိုတော့ဖြင့် ကျွန်တော်တို့ သုံးသပ်ဖို့လိုမယ်ထင်ပါ တယ်။

အဲဒီမှာ ကျွန်တော်အကြမ်းဖျဉ်း(၅)ခုလောက် ကျွန်တော်တင်ပြချင်ပါတယ်။ (၁)က နိုင်ငံတော် သမ္မတကြီးရဲ့ လစာဟာ မူလသိန်း(၅၀) ဆိုတဲ့အခါမှာ သိန်း(၅၀) သို့မဟုတ် သိန်း(၅၀) ထက်တိုးပြီး ချီးမြှင့်ခံစားဖို့ ကျွန်တော်တို့ အကြံပြုသင့်ပါတယ်။ (၂)ကတော့ဖြင့် ဒုတိယသမ္မတကြီးများ၊ ဥက္ကဋ္ဌ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌများနှင့် တရားသူကြီးချုပ်တို့ရဲ့ လစာဟာ မူလက (၃၅)သိန်း၊ ဒုတိယသမ္မတကြီးက (၄၀)သိန်းဆိုရင် သိန်း(၄၀)ကို ဒီအတိုင်း သိန်း (၄၀)ထားပြီးကာမှ ခုနက ဥက္ကဋ္ဌများရဲ့ လစာ (၃၅)သိန်းကို (၅)သိန်းတိုးပြီး သန်း(၄၀)ဖြစ် အောင်၊ တရားသူကြီးချုပ်ရဲ့ လစာ(၃၅)သိန်းကို (၅)သိန်းတိုးပြီး သိန်း(၄၀)ဖြစ်အောင် ဒုတိယအဆင့် အနေနဲ့ ထားပေးသင့်ပါတယ်။ ပြီးတဲ့အခါမှာ ဒုတိယဥက္ကဋ္ဌများ၊ ပြည်နယ်ဝန်ကြီးချုပ်များ၊ နောက် ပြည်နယ်တိုင်းဒေသကြီးတွေမှာရှိတဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးများနဲ့ ပတ်သက်လို့ ဒါ ပြည်ထောင်စုအဆင့် ဝန်ကြီးများရဲ့ အဆင့်အထက်မှာ ကျွန်တော်တို့ အဆင့်တစ်ခုတိုးပြီးကာမှ ထားပေးသင့်ပါတယ်။ အဲဒီအခါမှာ ခုနလို ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများရဲ့ ဥက္ကဋ္ဌများ ပါဝင်ဖို့ သင့်ပါတယ်။ အဲဒီမှာ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးရဲ့ ဥက္ကဋ္ဌတွေ၊ နောက် ရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ၊ ရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌတို့က တစ်တန်းထဲ ထားပေးသင့်ပါတယ်။ အဲဒီအောက်မှာမှ ခုနက စတုတ္ထအဆင့်အနေနဲ့ အစိုးရအဖွဲ့ရုံးဝန်ကြီးများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်အပါအဝင် ကျွန်တော်တို့ အခြားဖွဲ့စည်းထားတဲ့ ကော်မရှင်အဖွဲ့ဝင်များကို တစ်တန်းထဲ ထားပေးသင့်ပါတယ်။

နောက် ပဉ္စမအဆင့်မှာတော့ဖြင့် ခုနက ဒုတိယဝန်ကြီးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသက ဥက္ကဋ္ဌများ၊ နောက် ဒုတိယ ပြည်ထောင်စု၊ ပြည်နယ်တိုင်းဒေသကြီး၊ ခုနက တရားလွှတ်တော်ချုပ် တရားသူကြီးများ၊ နောက် ဒုတိယ ခုနက ဒီ ပြည်နယ်လွှတ်တော်ရဲ့ ဒုတိယဥက္ကဋ္ဌများ စသည်ဖြင့် ဒီ ခုံရုံးအဖွဲ့ဝင်များ၊ ရာထူးဝန်အဖွဲ့ဝင်များ၊ ကျွန်တော်တို့ ကော်မရှင်အဖွဲ့ဝင်များ အသီးသီးကို ထားပြီး ကာမှ

ကျွန်တော်တို့ ဒီလိုမျိုး တန်းစီဇယား(၅)ခုဆိုလျှင်ကို ကျွန်တော်တို့ဘက်က တင်ပြဖို့သင့်/ မသင့် ကို ကျွန်တော် အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီကို တင်ပြခြင်း ဖြစ်ပါတယ်။

အဲဒီနေရာမှာခုနက ဒေါက်တာဦးဗညား ပြောခဲ့တဲ့ ကျွန်တော်တို့ရဲ့ ဒီ အမျိုးသားလွှတ်တော်၊ ပြည်သူ့လွှတ်တော်မှာပါဝင်တဲ့ လွှတ်တော်ကိုယ်စားလှယ်တွေရဲ့ ကဏ္ဍကို ကျွန်တော်တို့ ပြန်လှန် သုံးသပ်တဲ့အခါမှာ ပြည်ထောင်စုအဆင့်ဆိုတဲ့ ဝေါဟာရတစ်ခုနဲ့ သမ္မတရုံးနဲ့ ကျွန်တော်တို့ လွှတ်တော် ရုံးဟာ ပြန်လှန် စာချွန်တွေ ပါးခဲ့ကြတာကို သတိထားမိကြမှာဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ရဲ့ Protocall ကို ပြန်ကြည့်တဲ့ အခါမှာလည်း လွှတ်လပ်ရေးနေ့ကိုပဲ ဖြစ်ဖြစ်၊ တစ်ခြားနေ့တွေမှာလည်း တန်းစီတဲ့အခါမှာ ကျွန်တော်တို့ မှတ်မိသလောက် ပြည်ထောင်စုဝန်ကြီး ပြီးလို့ရှိရင် ဒီဘက်က ရေးရာ ကော်မတီဥက္ကဋ္ဌအပါအဝင် ခုနက ကော်မတီဝင်တွေ၊ နောက် တစ်ခြား လွှတ်တော်အမတ်တွေကို တန်းစီပြီးမှ ဒုတိယဝန်ကြီးတွေကို တန်းစီတာလည်း တွေ့ပါတယ်။ ဆိုတာ ဒါနဲ့ပတ်သက်လို့ ပြန်ပြန် လှန်လှန်ဆွေးနွေးပြီးကာမှ ကျွန်တော်တို့ အုပ်ချုပ်ရေးအဖွဲ့အစည်းတွေ၊ ကျွန်တော်တို့ရဲ့ လွှတ်တော်ထဲ မှာရှိတဲ့ ပူးပေါင်းကော်မတီတွေဟာ အပြန်အလှန် သုံးသပ်ပြီးမှ ဒီ တန်းစီဇယား Protocall ကို ဘယ်လိုသုံးသပ်ရင် ကောင်းမလဲ၊ ဘယ်လိုပြန်ဖြည့်ရင်ကောင်းမလဲ ဆိုတာတော့ဖြင့် အပြန်အလှန် သုံးသပ်ဖို့လိုပြီလို့ ကျွန်တော်တင်ပြချင်ပါတယ်။

နိဂုံးချုပ်အနေနဲ့တော့ဖြင့် ဒီ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များရဲ့ ချီးမြှင့်ငွေ၊ စရိတ်နဲ့ အဆောင်အယောင်များဆိုင်ရာ ဥပဒေဟာ အင်မတန် တို့ ထိတဲ့အခါမှာ အင်မတန် အန္တရာယ်များလွန်း တဲ့ ဥပဒေဖြစ်ပါတယ်။ အဲဒါကြောင့် ကျွန်တော်တို့ရဲ့ လက်ရှိ လူမှုစီးပွားဘဝတိုးတက်မှုကို ပြန်လှန် သုံးသပ်ပြီး ကျွန်တော်တို့ ဒီ အဆောင်အယောင်ဆိုင်ရာ ဥပဒေကို ကျွန်တော်တို့ ပြန်လှန်သုံးသပ်တာနဲ့ တစ်ပြိုင်တည်း ကျွန်တော်တို့ နိုင်ငံအတွင်းမှာရှိတဲ့ ဝန်ထမ်းအဖွဲ့အစည်းများရဲ့ ဝန်ထမ်းဖွဲ့စည်းပုံ၊ ဝန်ထမ်းများရဲ့ လစာနှုန်းထား၊ အထူးသဖြင့် အမျိုးသားလွှတ်တော်ရဲ့ ခု ကျွန်တော်တို့ အပြန်အလှန် သုံးသပ်တဲ့အခါမှာ အမျိုးသားလွှတ်တော်မှာရှိတဲ့ ဝန်ထမ်းများရဲ့ လစာနှုန်းထားတောင်မှ ပြည်ထောင်စု လွှတ်တော်ဝန်းကြီးတစ်ခုထဲမှာရှိတဲ့ ဝန်ထမ်းများရဲ့ လစာနှုန်းထား၊ ကနဦးလစာလေးတွေမှာ ကျွန်တော် တို့ ရာထူးတိုးတာကအစ နည်းနည်းလေးကွာခြားနေတယ်ဆိုတာလေး ကျွန်တော်တို့ ကြားနေရပါတယ်။

အဲဒီတော့ ပြည်ထောင်စုလွှတ်တော် ဝင်းကြီးတစ်ခုထဲမှာရှိတဲ့ ပြည်သူ့လွှတ်တော်၊ ပြည်ထောင်စုလွှတ်တော်က ဝန်ထမ်းတွေနဲ့ ရာထူးတိုးတာတို့၊ ဘာတို့၊ အမျိုးသားလွှတ်တော်က ဝန်ထမ်းတွေ ခွဲခြားနေတယ်ဆိုရင် တစ်နိုင်ငံလုံးမှာရှိတဲ့ ခုနကလို ဝန်ကြီးဌာန (၃၀)ကျော်လောက် အထဲက ဝန်ထမ်းတွေရဲ့ အခြေအနေ၊ ဝန်ကြီးဌာန တစ်ခုဟာကတော့ဖြင့် တကယ်ရှိသင့် ရှိထိုက်တဲ့ ဝန်ကြီးဌာနလား၊ ဒီဝန်ကြီးဌာနရဲ့ ဝန်ထမ်းအင်အားဟာ ဖောင်းပွနေသလား၊ တကယ်လိုအပ်သလား၊ ဒါတွေကို ပြန်လှန် သုံးသပ်ပြီးကာမှ ကျွန်တော်တို့ အရင်တုန်းက ပြောခဲ့တဲ့ စကားတွေရှိပါတယ်။ ရာထူးဌာနန္တရ ဆိုတာ၊ ရာထူးက အရေးမကြီးဘူး။ ဌာနန္တရက အရေးကြီးတယ်ဆိုတဲ့ အသုံးအနှုန်း တွေက ဌာနန္တရနဲ့ ပတ်သက်လို့ ကျွန်တော်တို့ လာဘ်ပေးလာဘ်ယူမှု အခွင့်အရေးဆိုတာလေး ပါလာတဲ့အခါမှာ ဒီ ရာထူးတစ်ခု၊ တာဝန်တစ်ခုကို အပ်နှင်းလိုက်တဲ့ တစ်ပြိုင်တည်း ဒီလူတွေ ဒါ ချီးမြှင့်ငွေဟာ သူ့ရဲ့ ချိန်နှုန်းလစာဟာ သူ့ရဲ့ တစ်လစာ Earning ပါ။

ဒီဝန်ထမ်းရဲ့ လစာနှုန်းထားမှာ စိတ်ဒုံးဒုံးချပြီးကာမှ သူ့ရဲ့တာဝန်ကျေပြွန်နိုင်အောင် ကျွန်တော်တို့ ချီးမြှင့်ပေးရမှာ ဖြစ်သလို၊ ဒီ ချီးမြှင့်တာဝန်ကျေပါလျက်နဲ့ ဒီ ကျေးဇူးသစ္စာတရားကို ဖောက်ဖျက်တဲ့ ဝန်ထမ်းတွေကို ဝန်ကြီးကအစ အကုန်လုံးကို လွှတ်တော် အမတ်အဆုံး အရေးယူနိုင်အောင် ကျွန်တော်တို့ စည်းမျဉ်းစည်းကမ်းတို့နဲ့ အပြန်အလှန်ထိန်းညှိ နိုင်ခဲ့မယ်ဆိုရင် ကျွန်တော်တို့ ခု ချီးမြှင့်ပေးအပ်တဲ့ အဆောင်အယောင်တွေ၊ ချီးမြှင့်ငွေတွေ အကုန်လုံး ဟာလည်းပဲ နိုင်ငံတော်ရဲ့ သွားရာလမ်းကြောင်းကို တည့်မတ်ပေးဖို့၊ လမ်းကြောင်းမှန်ကို ရောက်ဖို့ အတွက် ကျွန်တော်တို့အပြန်အလှန်ထိန်းညှိ၊ လူထုကလည်း သဘောတူ ကြည်ဖြူသင့်တဲ့ ဒါ နှုန်းထားတွေ ဖြစ်တယ်လို့ ကျွန်တော်တို့ ဆွေးနွေးလိုပါတယ်။ အဲဒါကြောင့် ပြည်သူ/ပြည်သားများ အနေနဲ့ ကလည်း ကျွန်တော်တို့ ယူဆတာကတော့ဖြင့် ကျွန်တော်တို့ဟာ မိမိလွှတ်တော်ရဲ့ ကာလ(၂)ခု၊ (၂)နှစ် သာကာလအတွက် ပြောဆိုဆွေးနွေးတာမဟုတ်ဘူး။

မိမိတို့ရဲ့ လာမယ့်ကာလ (၂)နှစ်တာကာလ မှာရှိတဲ့ အစိုးရ တစ်ခုလုံးမှာရှိတဲ့ ဝင်ငွေ၊ ခုနကလို လစာနှုန်းထားကို ဆွေးနွေးနေတာမဟုတ်ဘူး။ လာမယ့် ကာလပေါင်းများစွာရဲ့ တည်ရှိ နေမယ့် ဒီမိုကရေစီလမ်းကြောင်းရဲ့ ခုနကလို Team ပေါင်း များစွာသော လွှတ်တော်သက်တမ်းတွေ အတွက် အခြေပြုပြီးကာမှ ဆွေးနွေးနေတာဖြစ်တယ်ဆိုတာကို ပြည်သူတို့ သဘောပေါက်ပြီးကာမှ ကျွန်တော်တို့ရဲ့ ဆွေးနွေးချက်တွေကို နားလည်ပြီး၊ ပြည်သူနဲ့ အစိုးရ၊ ပြည်သူနဲ့ လွှတ်တော် စသည်ဖြင့် ထိန်းညှိတဲ့ ခုနလို လစာနှုန်းထားတစ်ခုကိုသာ သတ်မှတ် နိုင်ခဲ့မယ်ဆိုရင် ပြည်သူကြားမှာ ရှိမှန်းမသိတဲ့ အစိုးရတစ်ရပ်ကို ကျွန်တော်တို့ ပုံဖော်သွားနိုင်မယ်လို့ ယူဆပါကြောင်းနှင့် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုလွှတ်တော်မှာရှိတဲ့ လွှတ်တော်အမတ်များရဲ့ တာဝန်အပိုင်းအရ၊ လွှတ်တော်အမတ်တစ်ဦးရဲ့ တာဝန်ဝတ္တရား ပျက်ယွင်း သွားပြီ ဆိုရင်လည်း ပြည်သူတွေက အချိန်မီ ကျွန်တော်တို့ကိုပြန်ပြီး Recall ခေါ်နိုင်အောင် ကျွန်တော်တို့ သက်ဆိုင်ရာ ရွေးကောက်ပွဲ ကော်မရှင် ကလည်း ဥပဒေပြဋ္ဌာန်းပြီးကာမှ ကျွန်တော်တို့ လွှတ်တော် အမတ်တွေရဲ့ ကဏ္ဍကိုလည်း တည့်မတ် ပေးဖို့ လိုအပ်ပါကြောင်း တင်ပြရင်း နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။